ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (6-4-2004) (၄၁၉၈)

ယနေ့ထုတ်စောင်ရေ ၁၉၇၇၉၃

အပ္ပမာဒေါ စ ဓမ္မေသု တေံ မင်္ဂလ မုတ္တမံ။

တရား၌ မမေ့မလျော့ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ငန်းရှင်များက ဧက ၉၀၀၀၀နီးပါးခန့် စိုက်ပျိုးပြီးဖြစ် နောက်ထပ် ဧကသုံးသိန်းကျော် ထပ်မံရယူ၍ တိုးချဲ့စိုက်ပျိုးမည့် လုပ်ငန်းရှင်များလည်း ရှိနေ ဆီအုန်းစိုက်ပျိုးရေး အရှိန်အဟုန်မြှင့် လုပ်ကိုင်နိုင်ရန် နိုင်ငံတော်အပိုင်းက အတတ်နိုင်ဆုံး ပံ့ပိုးကူညီမည်

လုပ်ငန်းရှင်များအပိုင်းက ကြိုးကြိုးစားစားဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်

ရန်ကုန် ဧပြီ ၅

တနင်္သာရီတိုင်းအတွင်း ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး(၂/၂၀၀၄)ကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တနင်္သာရီတိုင်းအတွင်း ဆီအုန်းစိုက်ပျိုးလျက်ရှိကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ မိမိတို့နှင့်အတူ လုပ်ငန်းရှင်များသည် တနင်္သာရီတိုင်းအတွင်းရှိ ပုဂ္ဂလိက ဆီအုန်းခြံများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း။

ယင်းခရီးစဉ်၌ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဆီအုန်းလုပ်ငန်းရှင်များရော၊ လုပ်ငန်းရှင်အသစ်များကပါ ဆီအုန်း ထပ်မံတိုးချဲ့စိုက်ပျိုးကြမည်ဆို၍ နိုင်ငံတော်အပိုင်းက ဝမ်းသာအားတက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံ၌ ပြည်တွင်းစားသုံးဆီ မလုံလောက်သေးသဖြင့် ပြည်ပမှ စားအုန်းဆီများ တင်သွင်းနေရ၍ ဆီဈေးနှုန်းမှာလည်း မကြာခဏ အတက်အကျဖြစ်လျက်ရှိပါကြောင်း၊ တနင်္သာရီတိုင်း၌ ဆီအုန်းဧကေါးသိန်းစိုက်ပျိုးနိုင်မည်ဆိုလျှင် ပြည်တွင်းစားသုံးဆီ ဖူလုံရုံသာမက ပြည်ပသို့ပင် ဆီအုန်းဆီတင်ပို့နိုင်မည့် အလားအလာရှိပြီး တနင်္သာရီတိုင်းသည်လည်း နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာမှာ သေချာလျက်ရှိပါကြောင်း။

နိုင်ငံတော်အတွက်လည်း အကျိုးရှိပြီး စိုက်ပျိုးသူလုပ်ငန်းရှင်များအတွက်လည်း ရေရှည်အကျိုးဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းဖြစ်၍ နိုင်ငံတော်၏ စီမံကိန်းအဖြစ်သတ်မှတ်ပြီး ဆီအုန်းစိုက်ပျိုးမှုကို အားပေးနေခြင်းဖြစ်ကြောင်း။

ဧကငါးသိန်းကျော်

ငွေကြေးအရင်းအနှီးရှိရုံသာမက လုပ်ငန်းစွမ်းဆောင်နိုင်သည့် အရည်အချင်းရှိသော တိုင်းရင်းသားလုပ်ငန်းရှင်များကို နိုင်ငံတော်ကဖိတ်ခေါ်၍ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို စတင်လုပ်ကိုင်စေခဲ့ရာ ယခုအခါ လုပ်ငန်းရှင်များက ဧက ၉၀၀၀၀ နီးပါးခန့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၆-၄-၂၀၀၄
(အင်္ဂါနေ့)

စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းရေး တစ်မျိုးသားလုံး အားကြိုးမာန်တက်ကြိုးပမ်း

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်စေရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ မှန်ကန်သော အားထုတ်ကြိုးပမ်းမှုဖြင့် ဖွံ့ဖြိုးတိုးတက်ကြီးပွားစေရေးတို့အတွက် တစ်မျိုးသားလုံး၏ စွမ်းပကားဖြင့် ကြိုးပမ်းလျက်ရှိသည့် ကာလဖြစ်သည်။

မျက်မှောက် နိုင်ငံတကာအခြေအနေများကိုကြည့်လျှင်လည်း ဓနအင်အားနှင့် နည်းပညာစွမ်းအား အသာစီးရနေသည့် နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေးအတွက် ခွဲခြားဆက်ဆံမှုအမျိုးမျိုးဖြင့် ဖန်တီးလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတကာတွင် စီးပွားရေးအရ လွှမ်းမိုးခြယ်လှယ်မှုများ တိုးပွားလာမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံအလိုက် အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာစေရန် အပြိုင်အဆိုင် ကြိုးစားဆောင်ရွက်နေကြရသည်ကို တွေ့ရသည်။

စီးပွားရေးကောင်းမွန်ပြီး ဓနအင်အားကြွယ်ဝသည့် နိုင်ငံကြီးအချို့ပင်လျှင် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေ့တန်းတင်ကာကွယ်စောင့်ရှောက်သည့် အစီအစဉ်များ ရေးဆွဲကျင့်သုံးနေကြရသည်။

မိမိတို့နိုင်ငံ၏အကျိုးစီးပွား စောင့်ရှောက်နိုင်ရေးအစီအမံ၊ အထိန်းအကွပ်များကို နိုင်ငံတကာ စီးပွားရေးနှင့်ကုန်သွယ်ရေး နယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြရသည့် အခြေအနေများနှင့် ကြုံတွေ့နေကြရသည်။

ယင်းသို့သော အချိန်အခါအခြေအနေတွင် နိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကိုအခြေခံသည့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစွာ ဖြစ်ထွန်းနေရန်လိုအပ်သည်။ တိုင်းရင်းသား ပြည်သူများ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းမှသာ အခြေခံခိုင်မာသည့် အမျိုးသားစီးပွားရေးဘဝကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပုဂ္ဂလိကကဏ္ဍ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။ အမျိုးသားစီးပွားရေးဘဝ၏ ပင်မအခြေခံများဖြစ်သည့် ဘဏ္ဍာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှုစသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ယခုအခါ အဆိုပါ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းများအားလုံးသည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ကြီး၏ အလံတော်အောက်တွင် စုစည်းညီညွတ်သည့် အမျိုးသားစီးပွားရေး အင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းရပ်တည်လျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ ကြိုးပမ်းနိုင်မှု၏ ရလဒ်ကောင်းပင်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဧပြီလ ၃ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားဓာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပြီး အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **သူတစ်ပါးဩဇာလွှမ်းမိုးခြယ်လှယ်မှု ကင်းရှင်းစွာ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်စေရေးအတွက် ကိုယ့်နိုင်ငံကိုယ် ကြိုးပမ်းတည်ဆောက်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေဖြင့် မိမိနိုင်ငံတော်အတွင်း ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ တိုးပွားဖြစ်ထွန်းလာစေရအောင် တစ်မျိုးသားလုံးက အားကြိုးမာန်တက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များ တိုးတက်ခိုင်မာတောင့်တင်းရေးအတွက် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ တိုးတက်ကြီးပွားရေးအတွက် အဘက်ဘက်က စေတနာရှေ့ထား အားပေးကူညီလျက်ရှိချိန်တွင် နိုင်ငံတော်အတွင်း ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ ပိုမိုတိုးပွားဖြစ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးက စီးပွားရေးလုပ်ငန်းရှင်များအား ဆက်လက်စည်းရုံးဦးဆောင်ရင်း တစ်မျိုးသားလုံးက အားကြိုးမာန်တက် ကြိုးပမ်းအားထုတ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သကြၤန်တရားစခန်း

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စာဘူးတောင်း ကွက်သစ်ကျေးရွာ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ (၃၂၂) ကုသလာရာမချမ်းမြေ့ငြိမ်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အရှင်ကုသလသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားတော်နှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဧပြီ ၁၀ရက်မှ ၁၇ရက်အထိ ဟောကြားပို့ချမည်ဖြစ်သည်။ တရားအားထုတ်လိုသူများသည် ဖုန်း-၂၄၆၈၂၀၊ ၅၇၇၉၈၉နှင့် ၆၂၉၁၈၆တို့သို့ ဧပြီ ၈ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် စခန်းဝင်မည့်ယောဂီများ ဧပြီ ၉ရက်ညနေ ၅နာရီအရောက်လာကြရန် နှိုးဆော်ထားသည်။ (က-ပ)

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတက်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး စင်ကာပူနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံတွင် ဧပြီ ၆ရက်မှ ၇ရက်အထိကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ဦးစီးဌာန လုပ်ငန်းများမှ ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းလည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

သဘာဝဓာတ်ငွေ့မြေ ကြည့်ရှုစစ်ဆေး

စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌွေး ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက် သဘာဝဓာတ်ငွေ့မြေရှိ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(စွမ်းအင်)



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး အဖျောက်သဘာဝဓာတ်ငွေ့မြေ သွားရောက်ကြည့်ရှုစစ်ဆေး လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရန်မှာကြား

ရန်ကုန် ဧပြီ ၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး(အထွေထွေစီမံခန့်ခွဲရေး)ဦးဝေဦးလိုက်ပါလျက် ဧပြီ ၂ရက် နံနက် ၆နာရီခွဲတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အထွေထွေမန်နေဂျာ ဦးလှမြင့်မောင်နှင့် တာဝန်ရှိသူများက ရေနံမြေရှင်းလင်းဆောင်၌ လက်ရှိသဘာဝဓာတ်ငွေ့တွင်းများ၏ ထုတ်လုပ်မှု၊မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ဒုတိယဝန်ကြီးက သဘာဝဓာတ်ငွေ့များ လျာထားချက်ပြည့်မီကျော်လွန်အောင် ကြိုးပမ်းထုတ်လုပ်ရေးနှင့် မတော်တဆဖြစ်မှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း/ဘဏ္ဍာငွေများ မဆုံးရှုံးစေရေး ဂရုပြုဆောင်ရွက်ရန်၊ မီးဘေးကာကွယ်ရေး စီမံချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန် တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအတွင်း ထုတ်လုပ်ရေး ဆောင်ရွက်နေမှုများ၊ မီးဘေးကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ရာသီမရွေး ရေရရှိနိုင်ရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရေးတို့အတွက် ငါးကန်များ တူးဖော်နိုင်မည့်မြေအနေအထားများ၊ ရေသွယ်ယူနိုင်မည့် အခြေအနေများ စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။
(သတင်းစဉ်)

မြန်မာကုန်စည်ပြပွဲ-၂၀၀၄ နောက်ဆုံးနေ့ ခင်းကျင်းပြသ

ရန်ကုန် ဧပြီ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာကုန်စည်ပြပွဲ-၂၀၀၄ကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ယနေ့နောက်ဆုံးနေ့အဖြစ် Quartz International Co., Ltd. က ခင်းကျင်းပြသရာ ရန်ကုန် ကမာရွတ်မြို့နယ် မာလာလမ်းသွယ် အမှတ် (၆၁၅၊စီ-၂)ရှိ Great Summit Int'L Co, Ltd. ၏ ကိုရီးယား လာမီနိတ်ရောင်စုံကြမ်းခင်းများပြခန်း၊ Winner Plastic Manufacturing Co, Ltd. ၏ အိမ်သုံး၊ရုံးသုံး Modern Furniture နှင့် ဗီရို၊ အံဆွဲများ၊ ကျောင်းနှင့် ဆေးခန်းသုံး ပလတ်စတစ် လက်ဆွဲဘူးများပြခန်း၊ Lion Lady Enterprise အင်အားစု စားသောက်ကုန်လုပ်ငန်း၏ ဖရဲသီး၊ ရွှေဖရုံသီး၊ မြေပဲကြော်၊ ချဉ်ပေါင်ဟင်း(အခြောက်)နှင့် အကြော်မျိုးစုံပြခန်းနှင့် အခြားထုတ်ကုန်၊ သွင်းကုန်ပစ္စည်းပြခန်းများပါဝင်ပြီး ပြခန်းအလှဆုံး ပြင်ဆင်မှုဆုရ ပန်းဝတ်မှုန်တိုင်းရင်းဆေးဝါးလုပ်ငန်းပြခန်းကို မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်သက်အေးက ဂုဏ်ပြုဆုချီးမြှင့်သည်။ (သတင်းစဉ်)

အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ စခန်းကို တိုက်ခိုက်မှုဖြစ်ပွား

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ ကူဖာမြို့ ဆင်ခြေဖုံးရှိ စပိန်အခြေစိုက်စခန်းကို ခုခံတိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်တစ်ဦး နေရာယူနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ ကူဖာမြို့ ဆင်ခြေဖုံးရှိ စပိန်အခြေစိုက်စခန်းကို ပြောက်ကျားတို့ တိုက်ခိုက်သဖြင့် စပိန်တပ်ဖွဲ့ဝင်များ အသင့်နေရာယူစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မြင်ကွင်း

အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြ

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို အမေရိကန် သံချပ်ကာကား တစ်စီးက စောင့်ကြည့်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အီရတ်များက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ပြန်လည်ပစ်ခတ်ရန် ပြင်ဆင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆန္ဒပြသမားများအား သေနတ်ဖြင့် ချိန်ရွယ်ထား

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲ ပြုလုပ်စဉ်အတွင်း ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးက ဆန္ဒပြသမားများအား သေနတ်ဖြင့် ချိန်ရွယ်ထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အစွမ်းထက်လက်နက်များဆိုင်ရာ အစီရင်ခံစာ

မှားယွင်းသော ထောက်လှမ်းရေးသတင်းများအပေါ် အခြေခံခဲ့ကြောင်း ပါဝဲလ်ဝန်ခံ

ဝါရှင်တန် ဧပြီ ၅

အီရတ်နိုင်ငံကို ကျူးကျော်စစ်ဆင်နွှဲရာတွင် အဓိကအကြောင်းပြချက်တစ်ရပ်ဖြစ်သော အီရတ်ရှိ အစွမ်းထက်လက်နက်များဆိုင်ရာ အစီရင်ခံစာ၏ မှားယွင်းသော ထောက်လှမ်းရေးသတင်း အချက်အလက်များအပေါ် အခြေခံခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ဝန်ခံပြောကြားလိုက်ရပြီဖြစ်သည်။

မှန်ကန်မှုမရှိ

စစ်ပွဲမတိုင်မီ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ကောလင်းပါဝဲလ် တင်ပြခဲ့သော အစီရင်ခံစာတွင် အီရတ်ရှိ ရွှေ့ပြောင်းနိုင်သော ဇီဝဓာတ်ခွဲခန်းယာဉ်များအကြောင်း ဖော်ပြခဲ့ရာ ယခုအခါ အဆိုပါ အစီရင်ခံစာ ခိုင်မာမှန်ကန်မှု မရှိသည့် ထောက်လှမ်းရေး အချက်အလက်များအပေါ် အခြေခံခဲ့ကြောင်း ကောလင်းပါဝဲလ်က ဥရောပမှ အပြန်ခရီးတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

၎င်းအချိန်က မိမိကို ပေးအပ်ခဲ့သော ထောက်လှမ်းရေးသတင်းများ ခိုင်မာမှုရှိသည်ဟု ယူဆခဲ့ခြင်းကြောင့် ကုလသမဂ္ဂသို့ တင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မှားယွင်းမှုသည် ထောက်လှမ်းရေးအဖွဲ့အစည်းမှာသာ တာဝန်ရှိကြောင်း ကောလင်းပါဝဲလ်က ပြောကြားသည်။

သိက္ခာကျစရာဖြစ်

စစ်ပွဲပြီးဆုံးပြီးနောက် အဆိုပါ ဓာတ်ခွဲခန်းယာဉ်များကို တွေ့ရှိစစ်ဆေးခဲ့ရာ မိုးလေဝသလေ့လာရေးအတွက် အသုံးပြုသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များ ထုတ်လုပ်သည့် ဓာတ်ခွဲခန်းယာဉ်များသာဖြစ်ကြောင်း သိရသဖြင့် အမေရိကန်တို့၏ အကြောင်းပြချက်အပေါ် သိက္ခာကျစရာ ဖြစ်ရသည်။

ဝန်ခံပြောကြား

အလားတူ အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)ညွှန်ကြားရေးမှူး ဂျော့ဂျ်တင်းနက် ကိုယ်တိုင်ကလည်း အဆိုပါ ဇီဝဓာတ်ခွဲခန်းယာဉ်များနှင့် ပတ်သက်သည့် ထောက်လှမ်းရေး အချက်အလက်အချို့ မှားယွင်းနိုင်ကြောင်း၊ အချို့မှာ သတင်းပေးများက တမင်လိမ်လည် ပြောကြားမှုဖြစ်နိုင်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

ယုံကြည်

၎င်း၏ ဂုဏ်သိက္ခာကို ဆယ်နေရသည့် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က သတင်းမှားများ ပေးအပ်ခဲ့မှုအပေါ် စုံစမ်းစစ်ဆေးရေးကော်မရှင်က စုံစမ်းသိရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

စီအင်န်အင်န်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ပြင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသမားများအကြား အဓိကရုဏ်းဖြစ်ပွားပြီး လက်ပစ်ဗုံး ပေါက်ကွဲမှု ဖြစ်ပွားရာ ဆန္ဒပြသမားများ အကာအကွယ်ယူနေကြစဉ်



အီရတ်ရဲတပ်ဖွဲ့ဝင်များ လိုက်ပါသည့်ယာဉ်တန်း ချုံခိုတိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအပေါ် အီရတ်လက်နက်ကိုင်များ၏ တိုက်ခိုက်မှုများ ပိုမိုမြင့်မားလျက်ရှိနေရာ အီရတ်ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် ယာဉ်တန်းကို ချုံခိုတိုက်ခိုက်မှုတစ်ရပ် ဧပြီ ၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အီရတ်ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် နိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားသည့် အမေရိကန်တို့နှင့်အတူ ဆက်လက်လုပ်ကိုင် ဆောင်ရွက်ပေးနေရသည့်အတွက် အီရတ်ရဲတပ်ဖွဲ့ လုပ်ငန်းသည် ကမ္ဘာတွင် အခက်ခဲဆုံးနှင့် အန္တရာယ်အများဆုံးလုပ်ငန်းတစ်ရပ်ဖြစ်နေသည်။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၆၆ကီလိုမီတာအကွာရှိ ဘာကူဘာမြို့တွင် အီရတ်ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် မော်တော်ယာဉ်တန်း ချုံခိုတိုက်ခိုက်ခြင်းခံခဲ့ရရာ အီရတ်ရဲအရာရှိနှစ်ဦး သေဆုံးသွားပြီး အခြားငါးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။ လက်နက်ကိုင် တိုက်ခိုက်သူများသည် တိုက်ခိုက်နည်းအသစ်ကို အသုံးပြုလျက်ရှိပြီး မော်တော်ယာဉ်များအောက်သို့ လက်ပစ်ဗုံး ပစ်သွင်းကာ မော်တော်ယာဉ်အား သေနတ်ဖြင့် တရစပ် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှု နည်းစနစ်သည် ဖော်လူဂျာမြို့တွင် လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့က အမေရိကန် အရပ်ဘက် ကန်ထရိုက်လုပ်ငန်းရှင်များကိုတိုက်ခိုက်မှုနှင့် တူနေကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ် အတွင်းမှာပင် သေဆုံးသူ အီရတ်ရဲတပ်ဖွဲ့ဝင် ၆၀၀ ထက်မနည်း ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဘဂ္ဂဒက်မြို့တွင်မူ အီရတ်ပြည်သူ ထောင်ပေါင်းများစွာတို့သည် အမေရိကန်ဆန့်ကျင်ရေး၊ ချေမှုန်းရေး ကြွေးကြော်သံများ ကြွေးကြော်ကာ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲများ အကြီးအကျယ် ကျင်းပခဲ့ကြကြောင်း သိရသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန်တို့က ရှီးယားသတင်းစာကို ပိတ်ပင်ခဲ့ပြီးနောက်ပိုင်း ယခုကဲ့သို့ အမေရိကန် ဆန့်ကျင်ကန့်ကွက် ဆန္ဒပြမှုများ လျင်မြန်စွာ ကြီးထွားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အီရတ်ပြည်သူများသည် တည်ငြိမ်မှုကို လိုလားကြကြောင်းဖြင့် ဆန္ဒပြသူတစ်ဦးက ပြောကြားခဲ့သည်။

စီအင်န်အင်န်။

ပါဝဲလ်၏ ဝန်ခံချက်ကြောင့် ဘလဲအစိုးရအဖွဲ့အပေါ် ဖိအားပေးမှုများ ထပ်မံ တိုးမြင့်လာ

ဝါရှင်တန် ဧပြီ ၅

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်၏ အီရတ်ထောက်လှမ်းရေးဆိုင်ရာ အဓိက အချက်အလက်များ အခြေအမြစ်ခိုင်မာမှုမရှိခဲ့ကြောင်း ဝန်ခံစကား ထွက်ပေါ်ပြီးနောက် ဗြိတိသျှ ဝန်ကြီးချုပ် တိုနီဘလဲအပေါ် ဖိအားပေးမှုအသစ်များ ထပ်မံထွက်ပေါ်လာသည်။ ဖိအားပေးမှုများမှာ အီရတ်စစ်ပွဲအတွင်းသို့ ဗြိတိန်နိုင်ငံ ပါဝင်ပတ်သက်လာစေရန် ဆောင်ရွက်ခဲ့သည့် ဘလဲ၏ နည်းလမ်းများနှင့် ပတ်သက်၍ဖြစ်သည်။

ပါဝဲလ်၏ ဧပြီ ၂ ရက်နေ့ ထုတ်ဖော်ပြောကြားချက်မှာ ကုလသမဂ္ဂသို့ ၎င်းပေးအပ်ခဲ့သော စစ်ပွဲမတိုင်မီ အကြိုထောက်လှမ်းရေး အချက်အလက်များနှင့် သက်ဆိုင်နေသည်။ အဆိုပါ အစီရင်ခံစာပါ အီရတ်နိုင်ငံ၏ ရွှေ့လျားနိုင်သော ဇီဝဗေဒ လက်နက်ထုတ်လုပ်နိုင်သည့် ဓာတ်ခွဲခန်းများနှင့် ပတ်သက်ပြီး အမေရိကန်နိုင်ငံသည် ဘလဲ၏ အပြင်းအထန် ထောက်ခံမှုဖြင့် စစ်ရေးအရ အရေးယူရန် ဦးစီးဆောင်ရွက်ခဲ့သည်။

ကျားကန်ပေးသလိုဖြစ်

စစ်ပွဲမတိုင်မီ အီရတ်၏ ဖျက်အားပြင်း လက်နက်စီမံကိန်းများနှင့် ပတ်သက်ပြီး ဘလဲအစိုးရအဖွဲ့က ရှင်းပြရန် ဝေဖန်တောင်းဆိုနေသော ဗြိတိသျှပြည်သူများ တောင်းဆိုချက်အပေါ် ပါဝဲလ်၏ ဝန်ခံချက်က ထပ်ဆင့်ကျားကန်ပေးလိုက်သလို ဖြစ်သွားသည်။

မအောင်မမြင်ဖြစ်ခဲ့

အီရတ်အား ကျူးကျော်သိမ်းပိုက်ပြီးနောက် ဝါရှင်တန်နှင့် လန်ဒန်အစိုးရနှစ်ဖွဲ့လုံး အထက်ပါ လက်နက်များ ရှိနေကြောင်း သက်သေတင်ပြနိုင်ရန် ရှာဖွေမှုများသည် မအောင်မမြင် ဖြစ်ခဲ့ရသည်။

အခက်ကြုံ

ဘလဲအနေဖြင့် စစ်ပြုရခြင်း အကြောင်းရင်းအား ဆက်ဒမ်ဟူစိန်က တားမြစ်ပိတ်ပင်ထားသော လက်နက်ကိစ္စများနှင့် ပတ်သက်၍ အလျှော့ပေးရန် ငြင်းဆန်ကြောင်း အမေရိကန်ထက်ပို၍ အတိအလင်းဖော်ပြခဲ့ခြင်းကြောင့် ပိုမိုအခက်ကြုံနေရသည်။

ဘလဲ၏ အာဏာရ လေဘာပါတီ လက်ထောက် အငယ်တန်းကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးရုံး ဝန်ကြီးဟောင်း ဒေါက်တာဟင်ဒါဆန်ကလည်း အစိုးရက ပါလီမန်အပေါ် ထုတ်ပြန်ချက်ပေးရန် တောင်းခံထားသည်။

မှားယွင်းဦးဆောင်

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးက အမေရိကန်ပြည်သူများ အပေါ် မှားယွင်းဦးဆောင်မှု ပြုခဲ့လျှင် မိမိတို့နိုင်ငံတွင်လည်း အလားတူ ထောက်လှမ်းချက်များ အားကိုးဖြင့် မှားယွင်းဦးဆောင်ခဲ့သည့် ကိစ္စဖြစ်ခဲ့ကြောင်း ဟင်ဒါဆန်က ပြောကြားသွားသည်။

အင်တာနက်။

ကန်စစ်ယာဉ်တန်းအနီး ဗုံးပေါက်ကွဲ

စစ်ယာဉ်နှစ်စီးပျက်စီးပြီး တပ်ဖွဲ့ဝင်အများအပြား ဒဏ်ရာရ

ဘာကူဘာ(အီရတ်) ဧပြီ ၅

အမေရိကန်စစ်ဘက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်းဒေသတွင် စနေနေ့က ကင်းလှည့်ရာ ကားဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် အမြောက်အမြား ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်သက်သေများက ပြောကြားသည်။

ကားတစ်စီး ပေါက်ကွဲ

ယင်းပေါက်ကွဲမှုတွင် အီရတ်နိုင်ငံသား အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ဖြတ်သန်းသွားလာစဉ် ဘာကူဘာမြို့မြောက်ပိုင်းရှိ အယ်လ်အက်စ်ဝက်ကျေးရွာ လမ်းမပေါ်တွင် ရပ်ထားသည့် ကားတစ်စီး ပေါက်ကွဲသွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းပေါက်ကွဲမှုသည် အသေခံဗုံးဖောက်ခွဲမှု ဖြစ်နိုင်ဖွယ်မရှိဟု ဆိုသည်။

ယင်းပေါက်ကွဲမှုကြောင့် အမေရိကန်စစ်သုံးယာဉ်နှစ်စီး ပျက်စီးသွားပြီး တပ်ဖွဲ့ဝင် အများအပြား ထိခိုက်ဒဏ်ရာရရှိသွားသည်။

မြင်တွေ့ရ

အမေရိကန်ကင်းလှည့်ယာဉ်သည် မိမိရှေ့မှ ဖြတ်သန်းသွားကြောင်း၊ မိမိသည် လမ်းပေါ်ရပ်ထားသည့် ဖီးယက်ကားကို မြင်တွေ့ကြောင်း၊ ထို့နောက် ပေါက်ကွဲသံကြီး ကြားလိုက်ရကြောင်း၊ ၎င်းပြင် တပ်ဖွဲ့ဝင်အချို့လည်း ထိခိုက်ဒဏ်ရာရရှိသည်ကို မြင်တွေ့ရကြောင်းဖြင့် ပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရရှိသူ အဗ္ဗဒူကာရင်ဖာရစ်က ပြောကြားသည်။

အင်တာနက်။

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဘာဆာရာမြို့တွင် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များ အဓိကရုဏ်းဖြစ် လုံခြုံရေးတာဝန်ရှိသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ လက်ရှောင်နေခဲ့

ဘာဆရာ (အီရတ်) ဧပြီ ၄

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် စနေနေ့က အလုပ်ရရှိရေးတောင်းဆိုကြသည့် ဆန္ဒပြသူများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ ရုတ်ရုတ်သဲသဲ အခင်းဖြစ်ပွားခဲ့ကြရာ ရဲတပ်ဖွဲ့က ဆန္ဒပြသူလူအုပ်အား ထိန်းချုပ်ရန်ကြိုးပမ်းသည့်အနေဖြင့် လေထဲသို့ သေနတ်ပစ်ဖောက်ခဲ့သည်။ အီရတ်ရဲအရာရှိ ၁၀၀ ခန့်က ရုပ်ရုပ်သဲသဲဖြစ်မှုကို ငြိမ်သက်စေရန် ကြိုးပမ်းရာမှ ရာချီရှိသော ဆန္ဒပြသူများက ဘာဆာရာမြို့လယ်ရှိ ဈေးဆိုင်များ၏ ပြတင်းပေါက်များကို ရိုက်ခွဲကာ စာတိုက်အဆောက်အအုံကို ဖျက်ဆီးကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆန္ဒပြလူအုပ်က ကျောက်ခဲများဖြင့် ပစ်ပေါက်မှုကြောင့် ရဲအရာရှိတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘာဆာရာတစ်မြို့လုံးအတွက် လုံခြုံရေးတာဝန်ရှိသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ လက်ရှောင်နေကြသည်။ သို့ရာတွင် ယင်းအခင်းဖြစ်ပွားမှု အခြေအနေ ဆိုးရွားလာပါက ဝင်ရောက်ထိန်းသိမ်းရန်အတွက် ဗြိတိသျှသံချပ်ကာကား ၁၀ စင်းဖြင့် အသင့်စောင့်ဆိုင်းနေခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အေးချမ်း

ဘာဆာရာမြို့သည် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက အီရတ်ကို ကျူးကျော် ဝင်ရောက်ပြီးချိန်ကတည်းက ဘဂ္ဂဒက်မြို့အနောက်ပိုင်း၊ မြောက်ပိုင်းဒေသများနှင့်နှိုင်းယှဉ်ပါက အတန်အသင့် အေးချမ်းသည့် အခြေအနေတွင်ရှိခဲ့သည်။

ဆန္ဒပြ

သို့ရာတွင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ခုခံတိုက်ခိုက်မှုများ ပိုမိုပေါ်ပေါက်ခဲ့သည်။ လစဉ် လစာငွေနှင့် ပင်စင်လစာများရရှိရန် ကြိုးပမ်းနေသည့် အီရတ် လုံခြုံရေးတပ်ဖွဲ့မှ ဝန်ထမ်းများက ဦးဆောင်၍ ဆန္ဒပြချီတက်မှုများ ယခုအခါ မကြာခဏ ပေါ်ပေါက်လျက်ရှိသည်။***အင်တာနက်။***

ဧပြီ ၄ ရက်က အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြရာမှ အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို ၎င်း၏အဖော်များက တွဲခေါ်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်အတွက် အလုပ်လုပ်သည့် လုံခြုံရေးဝန်ထမ်းများ

အီရတ်၌ အသတ်ခံရ

ဘဂ္ဂဒက် ဧပြီ ၄

လွန်ခဲ့သော ဗုဒ္ဓဟူးနေ့တွင် ဖော်လူဂျာမြို့၌ အရပ်သား လုံခြုံရေးဝန်ထမ်းလေးဦးအား ခုခံရေးအုပ်စုများက သတ်ဖြတ်ခဲ့သည်။

အီရတ်ကုမ္ပဏီများတွင် ပုဂ္ဂလိကလုံခြုံရေးလုပ်ငန်း ဆောင်ရွက်နေကြသော တပ်ဖွဲ့ဝင်ဟောင်းများနှင့် အခြားအရပ်သား ထောင်ပေါင်းများစွာ ရှိကြသည်။ အဆိုပါကုမ္ပဏီများ၏ လုံခြုံရေးကို အမေရိကန်တပ်ဖွဲ့နှင့် အီရတ်အာဏာပိုင်များ ထိန်းသိမ်းကွပ်ကဲမှု မပေးနိုင်သော အခြေအနေများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

အဆိုပါ လုံခြုံရေးဝန်ထမ်းများသည် လစာကောင်းရသူများဖြစ်ပြီး အန္တရာယ်ကိုစွန့်စား ရင်ဆိုင်ရင်း တာဝန်ထမ်းဆောင်ကြရသူအချို့မှာ တစ်နေ့ လျှင် ဒေါ်လာ ၁၀၀၀ နှုန်းထိ လုပ်ခရကြကြောင်း သတင်းများထွက်လာသည်။

လုံခြုံရေး ဝန်ထန်းများ၏ လှုပ်ရှားဆောင်ရွက်မှုနှင့် အမည်နာမတို့ကို ပြည်သူများ မသိရှိစေရန် ထိန်းသိမ်းလုပ်ဆောင်လျက်ရှိသည်။

သမ္မတဆက်ဒမ်ဟူစိန် အရေးနိမ့်ခဲ့ပြီးနောက်ပိုင်း လွန်ခဲ့သော တစ်နှစ်အတွင်း လက်နက်များကိုင်စွဲသည့် လုံခြုံရေးဝန်ထမ်း အရေအတွက် ဒါဇင်ပေါင်းများစွာ အသတ်ခံခဲ့ရပြီဖြစ်ကြောင်း လုံခြုံရေးကျွမ်းကျင်သူများက ခန့်မှန်း ပြောကြားသည်။

အဆိုပါဝန်ထမ်းများ၏ လုပ်ငန်းအများစုအတွက် အစိုးရ ရန်ပုံငွေထောက်ပံ့မှုပေးထားသည်။ အချို့သောလုပ်ငန်းများသည် အစိုးရဌာနများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အီရတ်ပြည်ထူထောင်ရေးကို အထောက်အကူပေးရန် ကန်ထရိုက်လုပ်ခွင့်ရ ကုမ္ပဏီများ၏ လုံခြုံမှုအတွက် ပဋိညာဉ်ချုပ်ဆိုထားကြသည်။

အင်တာနက်။

ဗြိတိန်ရှေ့နေချုပ်၏ အီရတ်စစ်ပွဲဆိုင်ရာ ဥပဒေ အကြံပေးချက် ကန်နှင့်ဗြိတိန်အစိုးရတို့၏ ဖိအားပေးမှုများကြောင့် ပြောင်းလဲခဲ့

လန်ဒန် ဧပြီ ၄

အီရတ်စစ်ပွဲ ဖြစ်အုံ့ဆဲဆဲတွင် ဗြိတိန်အစိုးရနှင့် လက်နက်ကိုင်တပ်များအား စစ်ပွဲမှာ တရားဥပဒေနှင့်ညီကြောင်း ဗြိတိန်ရှေ့နေချုပ် လော့ဒ်ဂိုးလ်စမစ်က အာမခံချက်မပေးမီ ပြင်ပမှ ဥပဒေရေးရာ ကျွမ်းကျင်သူများ၏အကြံကို ရယူရန်ပျက်ကွက်သည်ဟု ဆိုသည်။

ဗြိတိန်အမတ်များက အခိုင်အမာပြောကြားသကဲ့သို့မဟုတ်ဘဲ ရှေ့နေချုပ် လော့ဒ်ဂိုးလ်စမစ်သည် စစ်ပွဲအမှန်တကယ် စတင်ပြီးမှသာလျှင် ပြင်ပဥပဒေရေးရာ ကျွမ်းကျင်သူများနှင့် တိုင်ပင်ညှိနှိုင်းကြောင်း တွေ့ရသည်ဆို၏။

အီရတ်စစ်ပွဲမစတင်မီ ပြင်ပဥပဒေရေးရာကျွမ်းကျင်သူများ၏ သဘောထားကို လက်ခံရန် ငြင်းဆိုခြင်းမှာ ဥပဒေကျွမ်းကျင်သူ တစ်ယောက်လုပ်ရိုးလုပ်စဉ်မဟုတ်သဖြင့် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ရှေ့နေချုပ်၏ အကြံပေးချက် အသေးစိတ်ကို ထုတ်ပြန်ပေးရန် ဝန်ကြီးချုပ်တိုနီဘလဲအပေါ် ဖိအားပေးမှုများ ပိုမိုဖြစ်ပေါ်စေမည်ဖြစ်သည်။

အီရတ်စစ်ပွဲနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်နေသော နိုင်ငံရေးအငြင်းပွားမှုတွင် ဗြိတိန်ရှေ့နေချုပ်၏ အကြံပေးချက်များကိစ္စမှာ အရေးပါသည့် အပိုင်းတစ်ရပ်ဖြစ်လာသည်။

ဝေဖန်

ဗြိတိန်ရှေ့နေချုပ် လော့ဒ်ဂိုးလ်စမစ်သည် အီရတ်စစ်ပွဲတရားဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိကို ဒွိဟဖြစ်ခဲ့ပြီး အီရတ်နယ်စပ်သို့ အမေရိကန်နှင့် အပေါင်းပါတပ်များ စုစည်းရောက်ရှိချိန် အမေရိကန်နှင့် ဗြိတိန်အစိုးရများ၏ ဖိအားပေးမှုကြောင့် သူ့အမြင်ပြောင်းသွားခြင်းဖြစ်သည်ဟု ဝေဖန်ပြောဆိုမှုများရှိသည်။

ငြင်းဆန်

ယင်းသို့သော ပြောဆိုဝေဖန်မှုများကို တစ်စုံတစ်ရာ တုံ့ပြန်ရန် ဗြိတိန်အစိုးရက ငြင်းဆန်လျက်ရှိသည်။

အင်တာနက်။

ဖော်လူဂျာဖြစ်ရပ် ကြိုတင်ကြံစည်ထားသော တိုက်ခိုက်မှု ဟုတ်၊ မဟုတ် အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေ

ဖော်လူဂျာ ဧပြီ ၄

ပြီးခဲ့သောသီတင်းပတ်အတွင်း ဖြစ်ပွားခဲ့သည့် ဖော်လူဂျာဖြစ်ရပ်နှင့် ပတ်သက်ပြီး ကြိုတင်ကြံစည်ထားသော တိုက်ခိုက်မှုတစ်ရပ် ဟုတ်၊ မဟုတ်ကို အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးလျက်ရှိသည်။ ပဏာမ စုံစမ်းသိရှိချက်များအရ သာမန်အားဖြင့် ရှုပ်ထွေးနေသော လမ်းမများပေါ်တွင် လူရှင်းနေပြီး ဆိုင်များလည်း ပိတ်ထားကာ ဒေသဆိုင်ရာ စာနယ်ဇင်းသမားများလည်း ကြိုတင်ရောက်ရှိနေကြောင်း သိရသည်။

ဒေသခံများအနေဖြင့် ၎င်းတိုက်ခိုက်မှုစီစဉ်ပုံကို မသိရှိသော်လည်း တစ်စုံတစ်ရာဖြစ်ပွားနိုင်ကြောင်း သတင်းများပျံ့နှံ့နေခဲ့သည်ဟု တာဝန်ရှိသူအချို့က ပြောကြားကြသည်။ ၎င်းအပြင် စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူများက ဖော်လူဂျာဖြစ်ရပ်တွင် ပြင်ပအဖွဲ့အစည်းများ ပါဝင်ခြင်း ရှိ၊ မရှိကိုလည်း စုံစမ်းနေသည်။ ရရှိထားသော သတင်းဓာတ်ပုံများအရ တစ်ဦးချင်းကို သီးခြားဖော်ထုတ်လျက်ရှိပြီး သတ်ဖြတ်သူများကို ဖမ်းဆီး ရမိရေးအတွက် ဆုငွေထုတ်ရန်ကို စီစဉ်လျက်ရှိသော်လည်း တိုက်ခိုက်သူများသည် မျက်နှာကို အဝတ်နှင့် ဖုံးအုပ်ထားသည့်အတွက် မှတ်မိရန်မလွယ်ကူကြောင်း သိရသည်။

သေဆုံးသူလေးဦးသည် ဘလက်စ်ဝါတားအမည်ရှိ အမေရိကန်လုံခြုံရေးအဖွဲ့အစည်းတစ်ခုမှဖြစ်ပြီး မြို့ထဲသို့ ရိက္ခာများသယ်ယူလာသည့် ထရပ်ကားများကို စောင့်ကြပ် လိုက်ပါလာခြင်းဖြစ်သည်။ ၎င်းထရပ်ကားများမှာမူ ချုံခိုတိုက်ခိုက်မှုမှ လွတ်မြောက်သွားကြောင်းနှင့် သေဆုံးသူလေးဦးအနက် နှစ်ဦးမှာ စစ်ရေးဆိုင်ရာကျွမ်းကျင်မှုရှိသူများဖြစ်ကြောင်း သိရသည်။

စီအင်န်အင်န်။

ဧပြီ ၄ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြရန် စုစည်းနေသော အီရတ်တို့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သတင်းစာတိုက်ကို အမေရိကန်တို့ကပိတ်ပစ်မှု လူထောင်ပေါင်းများစွာက ကန့်ကွက်ဆန္ဒပြ

ဘဂ္ဂဒက် ဧပြီ ၅

ဆာဒါသတင်းစာတိုက်ကို အမေရိကန်တို့က ပိတ်ပစ်မှုအား ဆန့်ကျင်သည့်အနေဖြင့် ဆာဒါအား ထောက်ခံမှု ထောင်ပေါင်းများစွာသည် ဘဂ္ဂဒက်ရှိ ဆာဒါ၏ရုံးခန်းရှေ့တွင် ဆန္ဒပြခဲ့ကြသည်။ ဝတ်စုံအနက်များ ဝတ်ဆင်ကာ အစိမ်းရောင်ခေါင်းစည်းများ စည်းထားသောလူပေါင်း နှစ်သောင်းခန့်က ၎င်းတို့ကိုယ် ၎င်းတို့ ဆာဒါ၏ပြည်သူ့စစ်များဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဆာဒါသတင်းစာသည် အမေရိကန်ဆန့်ကျင်ရေး ခုခံတိုက်ခိုက်မှုများအား နှိုးဆွပေးရာ ရောက်သည်ဟုဆိုကာ အမေရိကန်တို့က အဆိုပါသတင်းစာတိုက်အား လွန်ခဲ့သည့်တစ်ပတ်ခန့်က ပိတ်ပစ်ခဲ့ခြင်းဖြစ်သည်။ ဆာဒါသတင်းစာတိုက်အား ပိတ်ပင်ထားမှုကို ဖယ်ရှားပေးရန်နှင့် နာဂျက်ဖ်မြို့တွင် အမေရိကန်တို့ သောကြာနေ့က ဖမ်းဆီးသွားခဲ့သော ဆာဒါ၏ထိပ်တန်းလက်ထောက်အား လွှတ်ပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။ ဆာဒါသည် အမေရိကန်နှင့် အပေါင်းပါတို့အားလည်းကောင်း၊ အမေရိကန်က ခန့်အပ်ထားသည့် အုပ်ချုပ်မှုကောင်စီအားလည်းကောင်း ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချသူ တစ်ဦးဖြစ်သည်။ ပြီးခဲ့သည့် သောကြာနေ့ကလည်း အီရတ်နိုင်ငံ၏ ဒုတိယမြောက် အကြီးဆုံးမြို့ဖြစ်သော ဘာဆာရာမြို့တွင် ဆန္ဒပြဆူပူမှုများ ဖြစ်ပွားခဲ့သည်။ အီရတ်တပ်ဖွဲ့နှင့် ဆန္ဒပြသူများ ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး အီရတ်ရဲတပ်ဖွဲ့က လူအုပ်ကြီးကို ထိန်းရန်အတွက် သေနတ်များလေထဲသို့ ထောင်ပစ်ကာ ခြောက်လှန့်ခဲ့ရသည်။ အဆိုပါဖြစ်ရပ်တွင် အီရတ်ရဲအရာရှိတစ်ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

စီစီတီဗွီ။

စိန်စည်သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မေ ၅

ဒဂုံမြို့သစ်မြောက်ပိုင်း (၄၈) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒုလ္လဘရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲနှင့် သင်္ကြန်အထူးတရားစခန်းပွဲကို မေ ၉ ရက်မှ ၁၈ ရက်ထိ ကျင်းပမည်ဖြစ်ရာ ယောဂီများ မေ ၈ ရက်အရောက် ကြွရောက်တရားအားထုတ်နိုင်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်များ ဆက်ကပ်လိုပါက ရိပ်သာ ဖုန်း-၅၈၁၁၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြိုးပြိုးပြက်ပြက် (ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်)

လမြတ်တန်ခူး မြူးထူးပျော်ရွှင် တာသဘင်ဝယ်

ဆွေသန့်ကို

- * **ဝင်းလျှံထိန် သရေထူးပါဘိ**
  သင်္ကြန်ချိန် နွေတန်ခူးပေမို့
  လေရူးရယ်တဲ့ တသုန်သုန်။
- * **မြေပြန့်ပေါ် ဝနေတစ်လျှောက်မှာလ**
  ငွေကံ့ကော် ရွှေပိတောက်ရယ်တို့
  ဘုန်းမောက်ကြိုင်ထုံ။
- * **ပြည်မြန်မာ ဆွေအများရယ်တို့**
  သည်အခါ ငွေဖလားတွေနဲ့
  ရေကစားပွဲတော်ကြို
  သြော်... နွဲပျော်စုံပါတဲ့
  နှစ်သစ်ကူး။
- * **ရွှင်မြူးငယ်ဝေ**
  ကြင်ဦးရယ် ကညာမေနှင့်
  သဟာတစ်တွေ မာစေကြောင်းကိုလ
  ပတ္တနာခြွေ တာရေလောင်းလို့ရယ်
  အိုကွယ်... တောင်းဆုပန်ထူး။ ။

သင်္ကြန်ချိန်ကဗျာလေးတစ်ပုဒ်ကို ရေရွတ်နေမိခြင်း ဖြစ်၏။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ခြိမ့်ခြိမ့်သဲသဲ ကျင်းပမြဲ တန်ခူးလကာလ ခါသမယပေကိုး။

မဟာသင်္ကြန် လတန်ခူး၏ အလှထူးပုံများနှင့် မြန်မာတို့၏ သင်္ကြန်ကာလ ပျော်ရွှင်စွာ ရေပက်ကစားကြသည့် အစဉ်အလာ သိမ်မွေ့ယဉ်ကျေးဖွယ် ပသာဒများကို ဖော်ကျူးထားသော ကဗျာတစ်ပုဒ်ကိုလည်း ပြေးသတိရမိလိုက်သေးသည်။

လတန်ခူးမှာ၊ မြထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွရရွှတည့်၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္ပာကရမက်၊ ပန်းပေါင်း ဖက်၍၊ ရွှေခွက်အပြည့်၊ မွေးမျိုးထည့်ကာ ဟူ၏။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဆင်ယင်ကျင်းပပုံကို ကွက်ကွက်ကွင်းကွင်း မြင်ယောင်မိပါဘိ။ ကဗျာရေးဖွဲ့ခဲ့သူကိုလည်း ချီးကျူးနေမိပါသေး၏။

ကဗျာများကို ရေရွတ်သတိရနေရင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အကြောင်း၊ မဟာသင်္ကြန်ပွဲတော်နှင့် ဆက်စပ်နေသည့် တန်ခူးလအကြောင်းတို့ကိုလည်း တသီကြီးစဉ်းစားမိလာရသည်။

ဤအချိန်ကား ကောင်းကင်နက္ခတ်က စိတြနက္ခတ်။ ရာသီက မိဿရာသီ။ ရာသီပန်းတွေက ရင်ခတ်နှင့်ကံ့ကော်။ ရာသီပွဲတော်အဖြစ် ကျင်းပကြသည်က မဟာသင်္ကြန်ပွဲ။

မိဿရာသီ ကူးပြောင်းချိန် ဤကာလမျိုးတွင် ကပ္ပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်ရှိသည့် ရေအိုင်ကြီးအနီး၌ တဲနန်းဆောက်၍ ရေဖျန်းသဘင်ဆင်ယင်ကစားခဲ့ကြသည်ဟု မှတ်သားဖူးပါ၏။ မဟာသင်္ကြန်ရေသဘင်ပွဲတော်နှင့် ပတ်သက်၍ အစောဆုံး မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်နိုင်၏။

ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ရေကစားမဏ္ဍပ်မှ လှပျိုဖြူလေးများ ရေကစားကြစဉ်။

မဟာရာဇဝင်ကျမ်းတွင်လည်း ပုဂံနရသီဟပတေ့ လက်ထက်၌ နွေလ နွေရာသီတွင် ရေဖျန်းကစားမြဲဖြစ်၍ နန်းတော်မှသည် မြစ်ဆိပ်သို့တိုင်အောင် တဲနန်းများဆောက်ပြီးသော် ဘုရင်မင်းမြတ်သည် မိဖုရား မောင်းမမိဿံ ခြွေရံသင်းပင်းတို့နှင့်အတူ ရေကစားကြောင်း ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရ၏။

ဖော်ပြပါအချက်များကိုထောက်သော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် ရှေးနှစ်ပေါင်းများစွာကပင် မြန်မာနိုင်ငံ၌ ကျင်းပလေ့ရှိခဲ့သည်ဟု မှတ်ယူရခြိမ့်မည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် တန်ခူးလသည် အမြဲတမ်း လိုလို ကြုံဆုံ၏။ ဆက်စပ်၏။ တန်ခူးလ၌ မဟာသင်္ကြန်ပွဲတော် ကျင်းပလေ့ရှိ၏။ ရံဖန်ရံခါ ကဆုန်လရောက်မှ မဟာသင်္ကြန်ပွဲတော်ကို ကြုံတောင့်ကြုံခဲ ဆင်ယင်ကျင်းပရသည်လည်းရှိ၏။ မည်သို့ဆိုစေကာမူ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် တန်ခူးလတွင်သာ ဆင်ယင်ကျင်းပရသည်ကများပါ၏။

တန်ခူးလသည် မြန်မာလ တစ်ဆယ့်နှစ်လတွင် အဦးအစ ပထမလဖြစ်သည်။ တန်ခူးလကို မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပသည့်လအဖြစ် အသိများကြသည်။ သိထားကြသည်။

တန်ခူးလသည် နွေဥတုတွင်ပါဝင်၏။ ပူပြင်းသောလဖြစ်၏။ မိုးနည်းရေရှားဒေသများတွင် ရေတွင်း၊ ရေကန်များ၌ ရေနည်းတတ်၏။ “တန်ခူးရေကုန် ကဆုန်ရေခန်း”ဟု ဆိုစမှတ်ရှိ၏။ သစ်ရွက်များ ခြောက်သွေ့ပြီး လေပြည်လေပျော့တို့နှင့်အတူ ကြွေဝဲကစားကြစမြဲဖြစ်၏။ တောင်လေဟူးဟူး မြူးသောလလည်းဖြစ်ချေ၏။

တန်ခူးလ၏ ကောင်းကင်တစ်ခွင်၌ကား မိုးသား တိမ်တိုက်တို့သည် မကန်းကောင် အကြေးကွက်ကဲ့သို့ အကွက်များပြန့်ကျဲနေလေ့ရှိ၏။ မိုးအဖြစ် ရွာချသွန်းဖြိုးသည်လည်းရှိ၏။ ထိုတန်ခူးလမိုးကို ဖက်ဆွတ်မိုးဟူ၍ လည်းကောင်း၊ သင်္ကြန်မိုးဟူ၍လည်းကောင်း မြန်မာတို့ မှတ်ယူစမြဲတည်း။

တန်ခူးလကို မျက်မှောက်ကာလတွင် “တန်ခူး”ဟုရေးထုံးပြုထားသော်လည်း အင်းဝခေတ်ကမူ “တန်းခူး”ဟုရေးခဲ့သည်။ “တာကူး”ဟု ရေးသည်ကိုလည်း လေ့လာတွေ့ရှိရသည်။ တန်ခူးလဟု သုံးနှုန်းပြောဆိုရခြင်းမှာ ထိုလတွင် ထန်းပင်မှ ထန်းဖူး၊ ထန်းခိုင်၊ ထန်းသီးတို့ကိုခူးဆွတ်သောလဖြစ်၍ ထန်းခူးလဟုဆိုခဲ့ရာမှ ကာလညောင်းလာသောအခါ “တန်းခူး”၊ “တန်ခူး”ဟူ၍ ရေးမှတ်သုံးစွဲလာခြင်းဖြစ်သည်။ တာကူးလဟုလည်း အခေါ်ရှိခဲ့သည်။ တာကူးလဆိုသည်မှာ ပါဠိဘာသာ“တာလ”ဟူသောပုဒ်မှဆင်းသက်လာရာမှ “တာကူးလ”ဟု ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။ “တာ” “ထန်း” ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ “အတာကူး”သည်ဆိုသည့် ပေါရာဏစကားကိုအခြေပြု၍ “တာကူး”ဟုလည်း ခေါ်ဆိုကြသည်။

၁၃၆၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် အခါတိုင်းရင်းသူလေးများ အကဖြင့်ဖျော်ဖြေခဲ့ကြစဉ်။

ဤတန်ခူးလကား စာဆိုတို့ရေးမှတ်ဖွဲ့ဆိုစရာ လွန်စွာပင်များပြားလှပါဘိ။

ပန်းနှင့်သဘင်၊ ရေသော်ဖြင့်မျှ၊ ကောင်းကင်မိုးလ၊ စိတြနှင့်၊ မိဿရာသီ၊ အညီခါကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွှတ်လျက်၊ ပွင့်ဝတ်ဝေဝေ၊ တောင်လေ သုတ်ဖြူး၊ လတန်ခူးကို၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွရရွှတည့် ဤသည်ကား ဦးအောင်ကြီး၏ တန်ခူးလဘွဲ့ လူးတားလာ လွမ်းဆွတ်ကြည်နူးဖွယ် ကဗျာတစ်ပုဒ်ဖြစ်ချေ၏။

မြန်မာတို့၏ နှစ်သစ်ကူးမင်္ဂလာ တန်ခူးလခါသမယ၌ ဆင်ယင်လေ့ရှိသည့် သဘင်ပွဲတော်ကို မဟာသင်္ကြန်ပွဲတော်ဟု ခေါ်ဆိုကြသည်။ သင်္ကြန်ဟူသော ဝေါဟာရသည် “သင်္ကြန္တ”ဟူသည့် သက္ကတဘာသာစကားမှ ဆင်းသက်လာကြောင်း အဆိုရှိသကဲ့သို့

စာမျက်နှာ ၇ ကော်လံ ၁ သို့ *

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် ရေပက်ခံထွက်သည့်ကားများအား ရေကစားမဏ္ဍပ်များက ဤသို့ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြသည်။

ထားဝယ်ရိုးရာ သင်္ကြန်ပွဲ သင်္ကြန်အကြိုနေ့တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန်ထမင်း(ရေးဇီမုန်း)နှင့် ရိုးရာမုန့်များကို ဧပြီ ၁၂ရက်(သင်္ကြန်အကြို)တနင်္လာနေ့တွင် လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၈၂၈) ထားဝယ်အသင်းတိုက်၌ နံနက် ၈နာရီမှ ၁၀နာရီအထိ ဧည့်ခံကျွေးမွေးမည်ဖြစ်၍ အသင်းသူ အသင်းသားများ၊ ထားဝယ်သူ ထားဝယ်သားများနှင့် မိတ်သင်္ဂဟများအား ဖိတ်ကြားထားသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ခရစ်ကက်လက်ရည်စမ်းပွဲ ညွန့်ပေါင်းအနိုင်ရ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီက ကြီးမှူးကျင်းပသော ခရစ်ကက်လက်ရည်စမ်းပြိုင်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ သုဝဏ္ဏ လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ကျင်းပရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အကယ်ဒမီဦးညွန့်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးကြီးမြင့်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့်ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

လက်ရည်စမ်းပြိုင်ပွဲတွင် နည်းပြဦးစိုးဝင်းခေါင်းဆောင်သော ညွန့်ပေါင်းခရစ်ကက်အသင်းနှင့် ဦးညီကျော်ခေါင်းဆောင်သော ရုပ်ရှင်သရုပ်ဆောင်များခရစ်ကက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ညွန့်ပေါင်းခရစ်ကက်အသင်းက ၁၁၀မှတ်၊ ၉၄မှတ်ဖြင့် အနိုင်ရရှိသွားသည်။ **(ကြေးမုံ)**

✳ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ပါဠိစကား "သင်္ကန္တ"မှ ဆင်းသက်လာသည်ဟုလည်း အပြောရှိသည်။ မည်သို့ဆိုစေ အဓိပ္ပာယ်မှာ "ကူးပြောင်းခြင်း၊ ရွှေ့ပြောင်းခြင်း" အဓိပ္ပာယ်ဆောင်သည်ချည်းဖြစ်သည်။

ထိုသင်္ကြန်ကာလအတွင်း မြန်မာတို့ တစ်ဦးနှင့်တစ်ဦး ရေပက်ကစားလေ့ရှိ၏။ နှစ်ဟောင်းကုန်ပျောက်၍ နှစ်သစ်သို့ ရောက်ချိန်၌ နှစ်ဟောင်းမှ ပါလာသော မကောင်းသည့် အညစ်အကြေးမှန်သမျှ ဆေးကြောသုတ်သင်ပြီး နှစ်သစ်ကို စိတ်သစ်လူသစ်ဖြင့် ဖြူစင်သန့်ရှင်းစွာ လျှောက်လှမ်းကြမည် ဆိုသည့်အဓိပ္ပာယ်ဖြင့် ယင်းကဲ့သို့ ရေပက်ကစားကြခြင်းဖြစ်သည်ဟု လူကြီးသူမများ ဆိုစကားထားခဲ့၏။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကာလအတွင်း **ပျော်ပျော်ရွှင်ရွှင် ရင်းနှီးချစ်ကြည်စွာ ရေကစားခြင်းအပြင် ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ သက်လွှတ်ပွဲများ ပြုလုပ်ခြင်း၊ သွေးလှူဒါန်းခြင်း၊ လူကြီးမိဘ သက်ကြီးရွယ်အိုများအား ပြုစုခြင်းစသည့် ဘာသာရေးနှင့်ယဉ်ကျေးမှုပေါင်းစပ်ပါဝင်သည့် အစဉ်မြတ်နိုး တန်ဖိုးထားဖွယ် ပွဲတော်ကြီး ဖြစ်သည်နှင့်အညီ မြန်မာလူမျိုးများအားလုံးက ယခုအချိန်အထိ အလေးထား ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ အချို့သောလူငယ်လူရွယ် အစိတ်အပိုင်းများအကြား ပြည်ပကဝင်ရောက်ကူးစက်လာသည့် တိုင်းတစ်ပါးအမူအကျင့်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်မှုများကို သင်္ကြန်ပွဲတော်အတွင်း ကူးဝင်မလာစေရအောင်နှင့် အစဉ်အဆက် ထိန်းသိမ်းခဲ့သော သန့်စင်မွန်မြတ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ယိုယွင်းလျော့ပါးမသွားစေရအောင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှုများ နှစ်စဉ်လုပ်နေခြင်းဖြစ်ကြောင်း** နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးအစည်းအဝေးတွင် ပြောကြားသွားသည့် မိန့်မှာချက်များကို အထူးသတိချပ်အပ်လှသည်။

ဤသို့ဖြင့် ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ပင်ပန်း နွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေပြီး နိုင်ငံတော်၏တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်ဆိုသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်အောင် တာဝန်ရှိသူများနှင့်အတူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဖော်ဆောင်သွားကြရမည်သာ။ ။

မတ် ၃၀ရက်က ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် မူလတန်းအဆင့်၊ အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်က အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ကို မခင်ချောစုဗိုလ်အား ပေးအပ်စဉ်။ (က-ပ)



ပိတောက်မိုး

✳ ညှော့သည်ပမာ၊ ချိန်မှန်လာသည့်
အတာကြိုမိုး၊ ရွာယောင်ပြိုးကို
စိုးထိတ်ရင်မှာ၊ လာမှလာနိုး
မျှော်စိတ်စိုးနှင့်၊ ရှက်စနိုးတွင်
စောစိတ်သွင်ဖြင့်၊ အပျိုစင်ပိတောက်
ရင်ဖိုနှောင့်။

✳ ခြေတစ်လှမ်းဟန်၊ ကုဋေသန်းတန်သို့
လာရန်ယောင်သွင်၊ မိုးရိပ်ဆင်ပြီး
ခုပင်လာနိုး၊ ရွာဟန်ပျိုးကြောင့်
လူဆိုးမိုးရယ်၊ ညှဉ်းရက်တယ်ဟု
ငိုဖွယ်ညိုရိပ်၊ စိုးသည့်စိတ်နှင့်
သည်းထိတ်ဗျာပို၊ ပိတောက်ပျို။

✳ ခြိုးခြံမွံသံပေး၊ ရွာဟန်ရေးပြ
အေးမြမိုးနံ့၊ လေပြည်ဖြန့်ကြောင့်
ရွာအံ့ငယ်ထင်၊ ဝမ်းမြောက်သွင်တို့
ဖိတ်စဉ်လေငြား၊ ဖုံးဖိထားလည်း
ဆီးတားမနိုင်၊ စိတ်ကယိုင်ကြောင့်
မခိုင်ဣန္ဒြေ၊ ပိတောက်မေ။

✳ သူလာချော့မှ၊ ပျော့ရမည်မှန်
အားတင်းပြန်လည်း၊ လျော့ရန်ပုံသွင်
မချော့ခင်က၊ ပျော့ချင်နေငြား
ပြောင်းညွှတ်သွားမိ၊ တစ်ပါးတိမ်းမူး
ပိတောက်ဖူးခင်၊ ရှက်စိတ်နှင်အောင်
ရေစင်မိုးဆမ်း၊ သွန်းလောင်းဖျန်း။

✳ သင်္ကြန်မိုးရေ၊ သူချော့လေလျှင်
ပျိုမေပွင့်ဖူး၊ ခါတန်ရူးဝယ်
ရွှင်မြူးလန်းဆန်း၊ မေတ္တာဖျန်းမှ
လန်းရမည့်သွင်၊ ပိတောက်ခင်မို့
ရွှေရင်အေးရန်၊ သွန်းဖျန်းပြန်လော့
- သင်္ကြန်မိုးရေ၊ ရွာပါတော့
- ပိတောက်ဖူးမေ၊ တမော့မော့
- အတာဦးကို၊ မျှော်လှပေါ့။ ။

ရန်နိုင်ဦး

ဒါတွေကို သိဖို့လိုတယ်

✳ မြောက်တိုင်းလည်း မမြောက်နဲ့

✳ ခြောက်တိုင်းလည်း မကြောက်နဲ့

✳ ချော့တိုင်းလည်း မပျော့နဲ့

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

✳ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

✳ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်

၂။ ကစားသူ ထောင်(၃)နှစ်

၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်းအချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

(က) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင် မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❀ ရှေ့ဖုံးမှ

စိုက်ပျိုးပြီးဖြစ်ကြောင်း၊ နောက်ထပ်လည်း မြေဧရိယာဧကေ သုံးသိန်းကျော် ထပ်မံရယူ၍ တိုးချဲ့စိုက်ပျိုးမည့် လုပ်ငန်းရှင်များလည်း ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်း၌ စုစုပေါင်း အသားတင် ဆီအုန်းစိုက်ဧရိယာဧကေ ငါးသိန်းကျော်ခန့် ရှိလာမှာဖြစ်ကြောင်း။

ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းသည် အရင်းအနှီးပမာဏ ကြီးမားသော လုပ်ငန်းဖြစ်ရာ ဆီအုန်းဧကေ ငါးသိန်းအတွက် ရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏမှာ စုစုပေါင်း အကြမ်းဖျင်းအားဖြင့် ကျပ်ဘီလီယံ ၃၀၀ခန့် ကုန်ကျမှာဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သော စားအုန်းဆီ ထုတ်လုပ်မှုလုပ်ငန်း ဖြစ်သည်သာမက ကုန်ထုတ်လုပ်မှုကဏ္ဍ၌ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်းမျိုးဖြစ်၍ မိမိတို့အနေဖြင့် အလေးထား အားပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်၌ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မှသာ စီးပွားခိုင်မာတိုးတက်မှာဖြစ်ကြောင်း။

ပွင့်ပွင့်လင်းလင်းတင်ပြ

ထို့ကြောင့် ယနေ့ညှိနှိုင်းအစည်းအဝေး၌ ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို လက်တွေ့ကျကျ ပွင့်ပွင့်လင်းလင်း တင်ပြစေလိုကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးများဖြစ်ကြသော ဦးအောင်သောင်းနှင့် ဦးစိုးသာ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက ဆီအုန်းစိုက်ပျိုးရန် ရယူမည့် မြေများကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ စက်ယန္တရား တင်သွင်းမှုကိစ္စများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆီအုန်းလုပ်ငန်းရှင်များက ထပ်မံတိုးချဲ့ရယူလိုသော မြေဧရိယာအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

မျှတစွာခွဲဝေ

ယင်းနောက် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်ပေးနေသော ရုံးလုပ်ငန်းဆိုင်ရာအပိုင်း၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာမှုများ မဖြစ်စေရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများကို သွက်သွက်လက်လက် မှန်မှန်ကန်ကန် ဆောင်ရွက်ရေး၊ ရယူထားသော မြေဧရိယာများအနက် စိုက်ပျိုးဖြစ်ထွန်းနိုင်သော မြေဧရိယာများကို စီမံချက်များနှင့်အညီ အပြည့်အဝ စိုက်ပျိုးကြရေး၊ ထပ်မံရယူမည့် မြေနေရာများကို အသေးစိတ် ကွင်းဆင်းကြည့်ရှုပြီး စနစ်တကျ မျှတစွာ ခွဲဝေရယူရေး၊ လုပ်ငန်းရှင်အချင်းချင်း အတွေ့အကြုံ အသိအမြင် ဖလှယ်ရေး၊ စိုက်ပျိုးပြီးသောမြေများကို လုပ်ကိုင်ခွင့်နှင့် လုပ်ပိုင်ခွင့် စနစ်တကျ ဆောင်ရွက်ပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စသည့် လုပ်ငန်းကိစ္စများအပေါ် ပြန်လည်ညှိနှိုင်း ရှင်းလင်းဖြေကြားပြီး ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အပိုင်းက အတတ်နိုင်ဆုံး ပံ့ပိုးကူညီသွားမည်ဖြစ်ရာ လုပ်ငန်းရှင်များအပိုင်းကလည်း ကြိုးကြိုးစားစားဖြင့် နိုင်ငံတော်၏ စီမံကိန်းဖြစ်သည့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် ယခုကဲ့သို့ပင် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး မကြာခဏပြုလုပ်၍ ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၅

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၃၀ ရက်မှ ဧပြီ ၅ ရက်အထိ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေး လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

မြန်မာ ကိုယ်စားလှယ်အဖွဲ့အား စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဆွေ၊ ဦးလှမြင့်ဦး၊ ဦးကောင်းညွန့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးယာယီတာဝန်ခံ Rahul Kulshreshth နှင့် အဖွဲ့အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဖွဲ့ဝင်များ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသော ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်နှင့် ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဗိုလ်မှူးကြီးအောင်ဆန်းဝင်းတို့လည်း ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေး လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

၂၀၀၄ခုနှစ် မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း ကြိုဆိုနှုတ်ဆက်စကား ပြောကြားစဉ်။

(နယ်စပ်/စည်ပင်)

နယ်စပ်/ စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဧပြီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ၂၀၀၄ခုနှစ် မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ် ဘုရင့်နောင် အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ယင်းကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များက အဖွဲ့လိုက် မိတ်ဆက်ကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် စားရိပ်သာနှင့် တည်းခိုဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အုပ်ချုပ်မှုကိစ္စရပ်များ ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးစန်းဝေ လိုက်ပါလျက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

၂၀၀၄ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် ရောက်ရှိနေသော နယ်စပ်ဒေသ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များမှာ ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ဒေသမှ ဂျိန်းဖော တိုင်းရင်းသား တိုင်းရင်းသူများ၊ နောင်မွန်းဒေသမှ ရဝမ် တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်၊ ကုန်းကြမ်းဒေသမှ ကိုးကန့်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပန်ဆန်းဒေသမှ "ဝ"တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသမှ အခါ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပါလျှိုး/ကျိုင်းလပ်ဒေသမှ ယွန်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသမှ ရှမ်း တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောက်တလုံးဒေသမှ ပအိုဝ်း တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကယားပြည်နယ်မိုးဗြဲဒေသမှ ကယန်း တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မော်ချီးဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ မွန်ပြည်နယ် ရေးတောင်ခြမ်းဒေသမှ မွန်တိုင်းရင်းသား၊တိုင်းရင်းသူများ၊ကရင်ပြည်နယ် လှိုင်းဘွဲဒေသမှ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ချောင်ချိဒေသမှ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မောင်တောဒေသမှ သက် တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်ဒေသမှ ချင်း တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း ပင်လယ်ဘူး၊ ဗန်းမောက်ဒေသမှ ကဒူးတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ နန်းယွန်း၊ ပန်ဆောင်ဒေသမှ နာဂ တိုင်းရင်းသား တိုင်းရင်းသူများ ဖြစ်ကြသည်။ (သတင်းစဉ်)

ဟာသဂျာနယ် အတွဲ (၂) အမှတ်(၃၆) ထုတ်ဝေ

ရန်ကုန် ဧပြီ ၅

တွတ်တွတ်၏ မျက်နှာဖုံးကာတွန်းနှင့် မြေဇာ၏ ကိုကိုစိန်ရိုး ကာတွန်းဇာတ်လမ်းတို့အပါအဝင် ကာတွန်း ဦးဗကလေး၊ ဆရာသာဂဒိုး၊ အီကြာကွေး၊ ဆြာကြီးထိန်၊ တေးသံရှင်ကြည်အောင်၊ ဇာလေး(လင်းဇင်းဆောင်)၊ လိုင်းရင်း (Lian)၊ ကာတွန်းမင်းအောင်၊ မောင်သွေးရင့်၊ မြမောင်မြင့်၊ ဆကာကြီး ထိပ်တင်ဗလရှင်၊ မင်ထက်အောင်(ဓာတု)၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေး၊ ရုပ်ရှင်သဘင်များဖြင့် ဟာသဂျာနယ် အတွဲ(၂) အမှတ်(၃၆)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း (စာပေဗိမာန်ဘေး) ရန်ကုန်မြို့က ယနေ့ဖြန့်ချိလိုက်သည်။

(က-ပ)

✪ ဘုန်းတော်ကြီးသင်မှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကရေ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

စိုက်ထူလှူဒါန်း

ထို့နောက် စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရွှေတောင်တိုက်သစ်စာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဇနီး ဒေါ်ကြည်ကြည်အုန်း၊ သားသမီးမြေးတစ်စုတို့က အလှူငွေ ကျပ် ၁၀ သိန်း၊ ဗန္ဓုလယာဉ်လိုင်းက အလှူငွေ ကျပ်သုံးသိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေ ကျပ်တစ်သိန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေ ကျပ်တစ်သိန်း၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) မြို့တွင်း၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) အဝေးပြေး၊ ငြိမ်းချမ်းရေးယာဉ်လိုင်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က အလှူငွေ ကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စမ်းချောင်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗားကရာတိုက် ဝံသမေဒနီ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝါယမက လှူဒါန်းမှု အစုစုအတွက် အနုမောဒနာတရားများ ဟောကြားတော်မူပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တက္ကသိုလ်များ သမိုင်းအထူးပြုကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားများ ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၈ရက်က စိန်ရတုခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အပူဇော်ခံဆရာကြီး၊ ဆရာမကြီး များအား ကန်တော့လက်ဆောင် ပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)

ဘွဲ့တံဆိပ်ရ ဆရာတော် ပူဇော်မည်

ရန်ကုန် ဧပြီ ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း၊ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသေကပဏ္ဍိတအား ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် တပည့်ဒါယကာ ဒါယိကာမများက ဧပြီ ၁၁ ရက်တွင် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ညောင်တုန်း-ရန်ကုန် (၁၄)လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ် ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

● ညောင်တုန်းဒေသမှ

ဆက်စပ်လျက်ရှိသည့် ဘူမိအနေအထားများအား ဆိုက်စမစ်တိုင်းတာခြင်း၊ လေ့လာသုံးသပ်ခြင်းလုပ်ငန်းများကို သေချာအောင် ဆောင်ရွက်ပြီး ရှာဖွေရေးတွင်းများ ဆက်လက်တူးဖော်သွားနိုင်ရေး ဆောင်ရွက်ရမည့် အစီအမံများကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။

တွင်းသစ်

ဆက်လက်၍ ဝန်ကြီးသည် ဧရာဝတီတိုင်း ညောင်တုန်းမြို့အနီး အသစ်ထပ်မံရှာဖွေတူးဖော်လျက်ရှိသော တွင်းသစ်သို့ သွားရောက်စစ်ဆေးသည်။ ဝန်ကြီးအား တူးဖော်ရေးလုပ်ငန်းခွင်တွင် တာဝန်ရှိသူများက လက်ရှိတူးဖော်နေမှုအခြေအနေ၊ တူးဖော်နေစဉ် တွေ့ရှိရသည့် သဲကြောများ၏ အလားအလာတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ညောင်တုန်းဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရန်အတွက် တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်သွားနိုင်ရေး၊ တူးဖော်စဉ်အတွင်း Pressure ကို အထူးဂရုစိုက်ကြရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် မှာကြားပြီး တွင်းတူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

ပိုက်လိုင်းအသစ်

ထို့နောက် ဝန်ကြီးသည် ညောင်တုန်း-ရန်ကုန် (၁၄)လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ် ဆက်သွယ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ပိုက်လိုင်းဆက်သွယ်မှုအခြေအနေ၊ လက်ရှိသဘာဝဓာတ်ငွေ့ ဖြန့်ခွဲသုံးစွဲမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယခုအခါ ညောင်တုန်းဒေသမှ တိုးတက် ထွက်ရှိလျက်ရှိသော သဘာဝဓာတ်ငွေ့များကို လက်ရှိဆက်သွယ်ပြီးပိုက်လိုင်းများဖြင့် ပို့လွှတ်ရန် ပိုက်လိုင်းခံနိုင်ရည်ဖိအားလုံလောက်မှု မရှိတော့သဖြင့် ယခုလို ပိုက်လိုင်းအသစ်များ ထပ်မံဆက်သွယ် ခင်းကျင်းနေရခြင်းဖြစ်သည်။

(သတင်းစဉ်)

စံပြကျေးရွာ တည်ဆောက်ရေး ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဧပြီ ၅

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်သည် ဧပြီ ၁ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တုန်ဖဲစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်အောင်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာလူမှုရေး အသင်းအဖွဲ့များမှ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ စံပြကျေးရွာ တည်ဆောက်ရေးကိစ္စများကို ဆွေးနွေးသည်။ ထို့နောက် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

✳ ယဉ်ကျေးမှုမှ

မြန်မာသက္ကရာဇ် ၁၂၃၆ခုနှစ်တွင် တည်ဆောက်ခဲ့သော သပြေတန်းခံတပ်ကို ကြည့်ရှုစစ်ဆေးသည်။ ခံတပ်ကြီးအတွင်းရှိ အလျား ၈၇ ပေ၊ အချင်းငါးပေရှိ လုံးထွင်းလှေကြီးကို ကြည့်ရှုပြီး ခံတပ်အတွင်း လိုဏ်အမိုးမြေသားပေါ်တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်ပေါင်းပင်များကို ရှင်းလင်းရန် လှည့်ပတ်ကြည့်ရှုနိုင်မည့် လျှောက်လမ်းပြုလုပ်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ၁၂၃၇ ခုနှစ်က တည်ဆောက်ခဲ့သော စစ်ကိုင်းအစေခံ ခံတပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အစေခံ ခံတပ်၏ အရှေ့ဘက် ကပ်လျက်ရှိသော အင်္ဂလိပ်စစ်သင်္ချိုင်းကို ကြည့်ရှုသည်။

တစ်ပါးကျောင်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတောင်ရိုးရှိ ပြုပြင်ပြီးစီးသွားပြီဖြစ်သော အင်းဝခေတ် တစ်ပါးကျောင်း (အရိယာဝံသကျောင်း)ကို သွားရောက်စစ်ဆေးသည်။ အင်းဝခေတ် မြန်မာမှုပန်းလက်ရာများအတိုင်း အသစ်ပြုလုပ်ထားခြင်းဖြစ်၍ ရေရှည်မပျက်စီးရအောင် စောင့်ရှောက်ထိန်းသိမ်းကြရေးကို တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ မဟာမြတ်မုနိ ဘုရားကြီး၏အရှေ့မြောက်ဘက်ရှိ ပြုပြင်နေဆဲဖြစ်သည့် ခနက်ပလာဆင်ဝန် မဟာမင်းထင် သစ်သားကျောင်းတော်ကြီးသို့ သွားရောက် စစ်ဆေးပြီး မိုးလေမကျမီ လုပ်ငန်းများ မြန်မြန်ဆန်ဆန်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အထက်မြန်မာပြည် (မန္တလေး)ရှိ ယဉ်ကျေးမှုတက္ကသိုလ်သို့ သွားရောက်ပြီး ရှင်းလင်းဆောင်၌ ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တည်ဆောက်နေဆဲဖြစ်သော ပန်းပုတိုးချဲ့ဆောင်နှင့် အစမ်းလေ့ကျင့်ဇာတ်ရုံတည်ဆောက်မှု လုပ်ငန်းများ၊ ကျောက်ခင်းလမ်း ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးသည် မန္တလေး ယဉ်ကျေးမှုတက္ကသိုလ်ဝင်း အတွင်းရှိ တည်ဆောက်ဆဲလုပ်ငန်းများကို လှည့်လည်စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေး တောင်ခြေရှိ စန္ဒာမုနိဘုရားပရိဝုဏ်အတွင်း ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ် တည်ဆောက်မည့် စေတီ ၆၀ ဆူ ပြီးစီးမှု အခြေအနေနှင့် ကျောက်စာများ မင်ထပ်မှု အခြေအနေကို လှည့်လည်စစ်ဆေးသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မကွေးတိုင်း စလင်းမြို့ ရုပ်စုံကျောင်းပြုပြင်မှုလုပ်ငန်း၊ မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ဥတ္တမတို့ အခြေပြုစခန်းချ နေထိုင်ခဲ့သော ကိုးဆောင်ကျောင်းကြီး ပြုပြင်နေဆဲလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားပြီး လယ်ကိုင်းကျောင်းတော်ရာ ဘုရားအရှေ့ဘက်ရှိ သိမ်ဘုရားနှင့် ရှေးဟောင်းအုတ်ရိုးကြီးမုန်းချောင်း ရေတိုက်စားမှုဒဏ် ခံနိုင်စေရန် ရှေးဟောင်းသုတေသနဦးစီးဌာနမှ အင်ဂျင်နီယာများ၏ ကျောက်ရိုးစီခြင်း၊ မြေထိန်းကာရံခြင်းလုပ်ဆောင်နေဆဲ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းဆောင်၌ မကွေးတိုင်းဒေသ(၄) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဖူးသည်ဆိပ်နှင့် ဝါဏိဇ္ဇဂါမနေရာရှိ အုတ်ရိုးတန်းများနှင့် သိမ်များ၊ ကျောင်းများ မုန်းချောင်းရေတိုက်စားမှု ကာကွယ်ရန်အတွက် (Indirect Protection & Direct Protection) လုပ်ဆောင်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှေးဟောင်းသုတေသနဦးစီးဌာန ပုဂံဌာနခွဲမှ သုတေသနအရာရှိ ဦးဝင်းကြိုင်က ဖူးသည်ဆိပ်ကမ်းအနီးတွင် တူးဖော်ခြင်းလုပ်ငန်းနှင့် လယ်ကိုင်းမြို့ဟောင်း အနောက်ဘက်မြို့ရိုး ပေ ၃၀၀ခန့် တူးဖော်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။ တူးဖော်ရာမှ တွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး စနစ်တကျ မှတ်တမ်းတင် ထိန်းသိမ်းကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဖူးသည်ဆိပ်အနီး ဝါဏိဇ္ဇဂါမရွာနေရာ၌ အစမ်းကျင်းတူးဖော်ရာမှ တွေ့ရှိသော ပျူစာပါ နတ်များ၊ ပျူပုတီးစေ့များ၊ ကျောက်စိမ်းပုတီးစေ့များ၊ ပယင်းရောင် ပုတီးစေ့များကို ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ ဝန်ကြီးသည် ရှေးဟောင်းသုတေသနဦးစီးဌာန ပုဂံနှင့် မန္တလေးဌာနခွဲမှ အင်ဂျင်နီယာများ၏ ရှေးဟောင်းအုတ်ရိုးနှင့် ရှေးဟောင်းသိမ်တို့ ရေတိုက်စားမှု မခံရစေရန် ကျောက်ရိုးစီ ထိန်းသိမ်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၄ရက်တွင် မကွေးမြို့မှ ဗိသနိုးမြို့ဟောင်းသို့ ရောက်ရှိလာရာ ဝန်ကြီးအား ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်နှင့် တောင်တွင်းကြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ရှေးဦးစွာ ဝန်ကြီးသည် ဗိသနိုးမြို့ဟောင်း အဝင်မုခ်ဦးကို ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဘုန်းကျော်က တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးသည် ဗိသနိုးမြို့ဟောင်းအတွင်း ကျောက်လမ်းခင်းရန်နေရာများကို လိုလ်လံကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ဗိသနိုးမြို့ဟောင်းအတွင်းရှိ ညောင်ရမ်းခေတ် ရှေးဟောင်းဂူဘုရားနှင့် ရွှေလက်လုဘုရားတို့ကို ကြည့်ရှုလေ့လာပြီး ရှေးဟောင်းဘုရားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းသွားရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဗိသနိုးမြို့ဟောင်း မြို့ဝင်ပေါက် အမှတ်(၁၅)ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းမြို့ရိုး ရေရှည်ခိုင်ခံ့တည်ရှိရေးအတွက် လိုအပ်သော ထိန်းသိမ်းစောင့်ရှောက်မှုပြုသွားရန် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ဗိသနိုးမြို့ဟောင်းမှ ထွက်ခွာပြီး တောင်တွင်းကြီးမြို့ ရွှေအင်းတောင်ဘုရားကြီး ကြံ့ခိုင်မှုရှိရေးအတွက် ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုသည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တောင်တွင်းကြီးမြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်မြို့နယ် သရေခေတ္တရာမြို့ဟောင်းသို့ သွားရောက်ပြီး နန်းတော် ပတ်လမ်းခင်းကျင်းပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ နန်းတော်ပတ်လမ်းမှ ရဟန္တာဂူသို့ သွားသော မြေလမ်းခင်းနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဉပ္ပါတ သန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ အကပြိုင်ပွဲ
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၉။ စွန်ချောင်းရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြုများ)(ရူပဗေဒ)
- ၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၂၅ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၃၅ ၈။ တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ(အပိုင်း-၃)
- ၅:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ တေးဂီတအစီအစဉ်
- ၇:၁၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၃၀ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၂၀)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ကော့ကရိတ်မြို့ သကြံ့န်တရားစခန်း

ရန်ကုန် ဧပြီ ၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့ လှိုင်ဝ မိုးကုတ်ဝိပဿနာချမ်းမြေ့ငြိမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ဦးသုခအား အမှူးထား၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ အရှင်ဝိသုဒ္ဓစာရ(နတ်မောက်)နှင့် ဆရာဦးလေးမောင် (ပေါင်းတည်)တို့က ဟောကြားကြမည်ဖြစ်သည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မျိုးဆက်ပွားကျန်းမာရေးစီမံချက် နှစ်ပတ်လည်ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)နှင့် ဂျပန်နိုင်ငံ အခြေစိုက်အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Japanese Organization for International Co-operation in Family Planning (JOICFP) တို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးဆက်ပွားကျန်းမာရေးစီမံချက် နှစ်ပတ်လည်ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကြီးကြပ်မှုကော်မတီ နာယကများ၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)ဌာနေကိုယ်စားလှယ် Mr. Najib M Assifi နှင့် တာဝန်ရှိသူများ၊ (JOICFP)မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့ရှိ စီမံချက်ဝင် ၇၅ မြို့နယ်များမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)မှ ဌာနေကိုယ်စားလှယ် Mr. Najib M Assifi က ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲကို ဧပြီ ၆ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် မျိုးဆက်ပွားကျန်းမာရေးစီမံချက် နှစ်ပတ်လည် ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အလှူတော်ငွေပေးအပ်

ရန်ကုန် ဧပြီ ၅

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ တည်ဆောက်လျက်ရှိသော သဒ္ဓမ္မဇောတိကာ မဟာသိမ်တော်ကြီးနှင့် သန္တိမဟာဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီးအတွက် ရွှေကျင်မြို့နယ်သူ၊ မြို့နယ်သားများ၏ ဒုတိယအကြိမ် အလှူတော်ငွေ ကျပ် ၁၆၅၆၀၀၀ လှူဒါန်းခြင်းအခမ်းအနားကို မတ် ၂၄ရက်ကကျင်းပရာ အကျိုးတော်ဆောင် ဦးမိုးအောင်နှင့် ဦးမောင်ချိုတို့က သီတဂူအမှုဆောင် ဦးငြိမ်းထံ သီတဂူဆရာတော်ကြီး ရှေ့မှောက်၌ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ရွှေကျင်မြို့နယ် အနေဖြင့် ပထမအကြိမ် ကျပ်တစ်ဆယ့်ခြောက်သိန်း အပါအဝင် စုစုပေါင်း ကျပ်သုံးဆယ့်နှစ်သိန်း ငါးသောင်း ခြောက်ထောင် လှူဒါန်းနိုင်ခဲ့ပြီးဖြစ်သည်။ (က-ပ)

အမျိုးသမီးတံခွန်စိုက်နှင့် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှကြီးမှူးကျင်းပမည့် ၂၀၀၄ခုနှစ် ဆဋ္ဌမအကြိမ်မြောက် အမျိုးသမီးတံခွန်စိုက်နှင့် သက်တန်းအလိုက်(ကျား/မ)အသက် ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀ နှစ်နှင့်အောက်လူငယ်တံခွန်စိုက်ပြိုင်ပွဲများကို ဧပြီ ၃၀ရက်မှ မေ ၇ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

စေလွှတ်ယှဉ်ပြိုင်မည်

အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲမှာ ၂၀၀၅ခုနှစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမ အမျိုးသမီးမြန်မာ့လက်ရွေးစင်များ ရွေးချယ်မည်ဖြစ်သည်။ သက်တန်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲများမှ ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် ပဉ္စမအကြိမ် အာဆီယံသက်တန်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲသို့ ထူးချွန်ထက်မြက်သည့် လူငယ်အားကစားသမားများအား စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသမီးအားကစားသမားများနှင့် လူငယ်အားကစားသမား မောင်မယ်များသည် ဧပြီ ၂၉ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ (ကြေးမုံ)

ကုန်သည်/စက်မှုဥက္ကဋ္ဌ အိန္ဒိယသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်၊ အလုပ်အမှုဆောင် ဦးမျိုးသန့်နှင့် ဦးလှမောင်တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၅ရက်မှ ၈ရက်အထိ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ကျင်းပမည့် အိန္ဒိယ-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မင်္ဂလာတောင်ညွန့်မြို့နယ်အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂)၏ မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၂၆ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ စတုတ္ထတန်း ကျောင်းသား မောင်ကောင်းသန့်ကျော်စွာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုက သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(၃၂)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ မြန်မာသင်္ကြန်
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Hypothesis Testing II (စီးပွားရေး၊ စီးပွားစီမံ)
- ၅း၃၀ ၈။ မြန်မာသင်္ကြန်
- ၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘဏ်ကျယ်လေး" (အပိုင်း-၆)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၂၉)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ရန်ကုန်အဝေးသင်တက္ကသိုလ် ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ် ပို့ချသင်တန်းနှင့် စာစစ်ဌာနများ ကြေညာ

ရန်ကုန် ဧပြီ ၅

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ် ပို့ချသင်တန်းများကို ဧပြီ ၂၁ရက်မှ ဧပြီ ၃၀ရက်အထိလည်းကောင်း၊ အတန်းတင် စာမေးပွဲများကို မေ ၄ရက်မှ မေ ၁၀ရက်အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံ ဌာနခွဲ(ဒဂုံတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော တတိယနှစ် ဝိဇ္ဇာ၊ စီးပွားရေး၊ ဥပဒေအထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများသည် ဒဂုံတက္ကသိုလ်တွင် အနီးကပ် ပို့ချသင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။ တတိယနှစ် စီးပွားရေးအထူးပြု ကျောင်းသားများသည် အထက(၁) မြောက်ဥက္ကလာပ၊ အထက(၂) မြောက်ဥက္ကလာပ၊ အထက(၃) မြောက်ဥက္ကလာပ၊အထက(၄)မြောက်ဥက္ကလာပ၊ အထက(၅) မြောက်ဥက္ကလာပ၊ အထက(၁) ဒဂုံမြို့သစ်မြောက်ပိုင်း၊ အထက(၃) ဒဂုံမြို့သစ်မြောက်ပိုင်း၊ အထက(၄) ဒဂုံမြို့သစ် မြောက်ပိုင်း တို့တွင်လည်းကောင်း စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။ ကျန်တတိယနှစ် အထူးပြုအားလုံးနှင့် စတုတ္ထနှစ် ဥပဒေ အထူးပြု ကျောင်းသားများသည် ဒဂုံ တက္ကသိုလ်တွင် စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်း ဌာနခွဲ (ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော တတိယနှစ်ဝိဇ္ဇာ၊ စီးပွားရေး၊ ဥပဒေ အထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေ အထူးပြု ကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။ တတိယနှစ် မြန်မာစာ အထူးပြုကျောင်းသားများသည်အထက (၁) သန်လျင်တွင် လည်းကောင်း၊ တတိယနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသားများသည် အထက(၁) သန်လျင်တွင်လည်းကောင်း၊ တတိယ နှစ် ဥပဒေအထူးပြု ကျောင်းသားများ သည် အထက(၂)သန်လျင်တွင် လည်း ကောင်း စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။ ကျန်တတိယနှစ် အထူးပြုအားလုံးနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသား များသည် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် တွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင် တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီးတွင် မှတ်ပုံတင် ထားသည့် တတိယနှစ် ဝိဇ္ဇာ၊ စီးပွားရေး၊ ဥပဒေအထူးပြု ကျောင်းသားများနှင့် စတုတ္ထနှစ်ဥပဒေအထူးပြု ကျောင်းသား များသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အနီးကပ် ပို့ချသင်တန်းများ တက် ရောက်ပြီး စာမေးပွဲ ဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက် ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ် ဌာနခွဲများနှင့် အခြေခံပညာ အထက် တန်းကျောင်းများတွင် ကြေညာထား မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာ လူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူ ပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေ နိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဧပြီ ၅

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ ဝင်များနှင့် တာချီလိတ်မူးယစ်အထူး အဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် စက်တင်ဘာ ၈ရက်တွင် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အမှတ်(၃/၇၈)နေ ကျဖီး၏ နေအိမ်ကို စစ်ဆေး ရှာဖွေရာ နေအိမ်အတွင်း အချိုရည်ဘူးနှစ်ဘူးဖြင့် ထည့်ထားသော ဘိန်းဖြူ ဂရမ် ၃၀၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အမှတ်(၃/၇၈)နေ ဦးလောတာ၏ သား ကျဖီးအပေါ် တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမ သတင်းပေး တိုင်ချက် အမှတ် ၇၆/၂၀၀၃ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် တရားရုံးက တရားခံ ကျဖီးအား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင် ဒဏ် ၁၇နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ် ခဲ့သည်။

(သတင်းစဉ်)

▲ **စိတ်ကြွရူးသွပ်ဆေးပြားမှ**

ကီလို ၂၄၀၀၊ ဆိုဒီယမ် ဟိုက်ဒြောဆိုက်ဘူး ၁၀၀၀၊ အမိုးနီးယမ်းကလိုရိုဒ် တစ်ဘူး၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးမှုန့် မျိုးစုံကီလို ၇၀၊ အရောင်တင်ဆေးမှုန့်မျိုးစုံဘူး ၄၀၊ အရိုးမီးသွေး ၁၀၂ ကီလို၊ အီသာ ၅၁၉၇ လီတာ၊ ဟိုက်ဒြိုကလိုရစ်အက်စစ် ၂၁၇၈ လီတာ၊ အရက်ပြန် ၈၁၁၈ လီတာ၊ ရေခဲသေတ္တာ သုံးလုံး၊ မော်တာလေးလုံး၊ လေမှုတ်စက် နှစ်လုံး၊ ဓာတ်ငွေ့အိုး အလုံး ၃၀၊ သံလေအိုး လေးလုံး၊ ပလတ်စတစ်ပုံးခွံ ၁၆၅လုံး၊ သံပီပါ ၅၂လုံး၊ ၂၀–ကေဗွီအေမီးစက်ကြီး နှစ်လုံး၊ မူးယစ်ဆေးပြုလုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းများနှင့် အခြားဆက်စပ်ပစ္စည်းမျိုးစုံ ၁၁မျိုးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ် ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါး များဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။(သတင်းစဉ်)

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံဒေသ တဘူဘွန်တောင်ကြော မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်အနီး ခန့်မှန်းမြေပုံညွှန်း (ဒီ–၇၈၉၄၅၇)ရှိ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်လျက်ရှိသည့် စခန်းအား သိမ်းဆည်းရမိမှု ဓာတ်ပုံမှတ်တမ်းများ တွေ့ရစဉ်။ (အပေါ်ပုံ၊ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၅

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ ဝင်များနှင့် မန္တလေး မူးယစ်အထူး အဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် သတင်းအရ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၈ လမ်း၊ ၈၀ x ၈၁ လမ်းကြားနေ ဖုန်ဇူးဝေ၏နေအိမ်ကို ဝင်ရောက် စစ်ဆေးရှာဖွေရာ နေအိမ်တွင် ဖုန်ဇူးဝေ နှင့် မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိ နေသူ ကျားဖုတို့နှစ်ဦးအား တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းဖြူ ၃ ဒသမ ၅ ဂရမ်၊ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၆ပြားတို့ကို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၈ လမ်း၊ ၈၀ x ၈၁ လမ်းကြားနေ ဦးဖုဝှအယ်၏ သား ဖုန်ဇူးဝေနှင့် ဟိုပင်မြို့ အလယ်ရပ် မြို့မလမ်းနေ ဦးလျူယူရှင်း၏သား ကျားဖုတို့ နှစ်ဦး အား မန္တလေး အမှတ်(၈) ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက် အမှတ် ၉/၂၀၀၄ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က)၊ ၂၀(က)၊ ၂၁ အရ အမှုဖွင့် အရေးယူထားသည်။ (သတင်းစဉ်)

သက်သေခံပစ္စည်းနှင့်အတူ

တရားခံ ဖုန်ဇူးဝေနှင့် ကျားဖု တို့အား သက်သေခံပစ္စည်းနှင့် အတူ တွေ့ရစဉ်။

(သတင်းစဉ်)

စုပေါင်းကာကွယ်၊ မီးအန္တရာယ်



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဗိုလ်တထောင် ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် စစ်ဆေး ဆိပ်ကမ်းသာယာလှပရေး အဆင့်မြှင့်တင်မှုလုပ်ငန်းများ ကြည့်ရှု

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့တော် ဆိပ်ကမ်းတစ်လျှောက် အမြင်တင့်တယ်စေရေးနှင့် သာယာလှပစေရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြိုဆို

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းရှိ ဗိုလ်တထောင် ကမ်းနားဒေသ ကမ်းနဖူးလမ်း သန့်ရှင်းသပ်ရပ်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်တထောင်ကမ်းနားဒေသ ကမ်းနဖူးလမ်း သန့်ရှင်းသပ်ရပ်ရေးနှင့် အဆင့်မြှင့်တင်ရေး လုပ်ငန်းရှင်းလင်းဆောင်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဗိုလ်တထောင်ကမ်းနားဒေသ၌ အဆင့်မြှင့်တင်ရေး လုပ်ငန်းများဖြစ်သည့် ကားရပ်နားရန် လွင်ပြင်ကွန်ကရစ်လောင်းခြင်း၊ ကျောက်စီများ Revertment များဆောင်ရွက်ခြင်း၊ ဆိပ်ခံဖောတံတားများ ပြုပြင်ခြင်း၊ အုန်းပင်များစိုက်ပျိုးခြင်း၊ နားနေရန် ကွန်ကရစ်ထိုင်ခုံများတပ်ဆင်ခြင်း၊ High Mast မီးတိုင်များတပ်ဆင်ခြင်း၊ လူသွားစင်္ကြံများ ဘလောက်တုံးများခင်းခြင်း၊ ကုန်တင်ကားကြီးများနှင့် ကွန်တိန်နာယာဉ်များ ညအိပ်ရပ်နားရန် (Car Parking) နေရာ ဆောင်ရွက်ထားရှိခြင်း လုပ်ငန်းများပြီးစီးမှုအခြေအနေများနှင့် ဗိုလ်တထောင်ကမ်းနားဒေသအား ကုန်တင် ကုန်ချ ဆိပ်ကမ်းအပြင် အများပြည်သူ အပန်းဖြေနိုင်ရေးအတွက်ပါ ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ဗိုလ်တထောင်ကမ်းနားဒေသ၏ ကုန်သေတ္တာစခန်း (ICD) အဆုံးထိ မြစ်ကမ်းတစ်လျှောက် ကျောက်စီ (Revertment) ဆောင်ရွက်မည့် အခြေအနေများနှင့် လမ်းမတော်ကမ်းနားဒေသ ဘုန်းကြီးလမ်း ဖောတံတားမှ ဝါးတန်းဆိပ်ကမ်း အမှတ်(၃) ဖောတံတား၊ ၎င်းမှ ရွှာသစ်ချောင်းအထိ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် သန့်ရှင်းသပ်ရပ်စေရေးအတွက် ထိန်းသိမ်းနေမှုအခြေအနေများနှင့် ဗားကရာဆိပ်ကမ်း၊ အုန်းသီး၊ ငှက်ပျောသီးဈေး အနီး၌ ကျောက်စီရေကာ တံတိုင်းဆောင်ရွက်နေမှုနှင့် မြစ်ထွက်ပေါက် Box Culvert အရှည်ပေ ၁၂၀ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ကမ်းနားလမ်းမကြီးအား ခြောက်လမ်းသွား လမ်းမကြီး ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပစေရေးနှင့် အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများသည် ယခုအခါ သိသိသာသာ ရုပ်လုံးပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြည်သူလူထုကို သန့်ရှင်းရေး အသိစိတ်ဓာတ်ရှိပြီး စည်းကမ်းတကျလုပ်ကိုင်ဆောင်ရွက်ရန် ပညာပေးရေးတို့ ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဗိုလ်တထောင်ကမ်းနားဒေသ၌ အဆင့်မြှင့်တင်ရေးလုပ်ငန်းများဖြစ်သည့် ကျောက်စီ Revertment ပြီးစီးမှု၊ သံလက်ရန်းတန်း တပ်ဆင်ပြီးစီးမှု၊ လူသွားစင်္ကြံ ဘလောက်တုံးစီပြီးစီးမှု၊ နားနေရန် ကွန်ကရစ်ထိုင်ခုံများပြီးစီးမှု၊ အုန်းပင်များ စနစ်တကျ စိုက်ပျိုးထားရှိမှု၊ အမှိုက်ပုံးနှင့် ကွမ်းတံတွေးခွက်များ စနစ်တကျထားရှိမှု၊ ဆိပ်ခံဖောတံတားများ အမြင်တင့်တယ်စေရေး ပြုပြင်ထားရှိမှုနှင့် ကုန်သေတ္တာစခန်းနှင့် မြစ်ကမ်းခြေ ကျောက်စီ Revertment များ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လမ်းမတော် ကမ်းနားဒေသသို့ ရောက်ရှိပြီး စဉ့်အိုးတန်းဖောတံတားမှ ဝါးတန်းဖောတံတားအထိ သန့်ရှင်းသာယာလှပစေရေး၊ အမြင်တင့်တယ်စေရေး တို့အတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ကမ်းသို့ ရောက်ရှိပြီး အုန်းသီး၊ ငှက်ပျောသီးဈေးအနီး၌ မြစ်ထွက်ပေါက်၌ အရှည်ပေ ၁၂၀ ရှိ Box Culvert တည်ဆောက်ပြီးစီးမှု အရှည် ၁၀၈၅ ပေရှိ ကျောက်စီ Revertment တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လုပ်ငန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်ကြရေးနှင့် အုန်းသီး ငှက်ပျောသီးဈေး တစ်လမ်းမောင်းစနစ်ဖြင့် အဝင်အထွက်လမ်း ဆောင်ရွက်ရေး မှာကြားခဲ့သည်။

(သတင်းစဉ်)

ဂူရှူးဆန်းဆို လက်ရွေးစင်များ တရုတ်သို့ထွက်ခွာ ကွမ်တုံပြည်နယ် ကျန့်ကျန်းမြို့၌ ပူးတွဲလေ့ကျင့်မည်

ရန်ကုန် ဧပြီ ၅

နိုင်ငံတကာ ဂူရှူးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် တရုတ်နိုင်ငံတွင် ပူးတွဲလေ့ကျင့်မည့် အစီအစဉ်အရ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် နည်းစနစ်မှူး ဦးခွန်ဂျာအောင် ခေါင်းဆောင်သော မြန်မာဂူရှူးဆန်းဆို လက်ရွေးစင်အားကစားသမားများသည် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကျန့်ကျန်းမြို့တွင် ပူးတွဲလေ့ကျင့်ရန် ယနေ့ညနေပိုင်းက ထွက်ခွာသွားသည်။

လေ့ကျင့်ရန် ထွက်ခွာသွားသော မြန်မာဂူရှူးအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးခွန်ဂျာအောင်၊ ကစားသမားအဖြစ် သန်းထိုက်ဦး၊ စိုးမိုးအောင်၊ သူရိန်ထွန်း၊ မင်းမင်းထွန်း၊မောင်မောင်သန်း၊ သူငြိမ်း၊ သန်းထိုက်ဦး၊ ခင်မောင်ထွေး၊ အောင်ဆန်းယု၊ ကျော်သိန်း၊ ထွန်းထွန်းဦး၊ စသာဌေး၊ လှမိုး၊ ရာဇာနိုင်၊ စီစီစိန်၊ လဲ့လဲ့လင်း၊ နန်းကလျာလှိုင်၊ ဆွေဝင့်နန်းစိုးယုနိုင်၊ မိုးဝါနှင့် သင်းမြတ်မော်စုစုပေါင်း ၂၂ဦး လိုက်ပါသွားကြသည်။

အဆိုပါ မြန်မာဂူရှူးအဖွဲ့သည် ရန်ကုန်မှ မန္တလေးသို့ မီးရထားဖြင့်လည်းကောင်း၊ မန္တလေးမှ မူဆယ်သို့ ကားဖြင့်လည်းကောင်း၊ မူဆယ်မှ ရွှေလီ၊ ခွန်မိန်းအထိ ကားဖြင့်လည်းကောင်း၊ ခွန်မိန်းမှ ကျန့်ကျန်းသို့ ရထားဖြင့်လည်းကောင်း သွားရောက်ကြမည်ဖြစ်သည်။ ယင်း မြန်မာဂူရှူးအဖွဲ့သည် ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာသွားကြသည်။

(အောက်ပုံ) (ကြေးမုံ)

အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ ဆက်

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် သစ်တောရေးရာ အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သစ်တောရေးရာ အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန်မြို့ လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသော ပြိုင်ပွဲတွင် လယ်ယာ/ဆည်မြောင်း အသင်းနှင့် လျှပ်စစ်စွမ်းအားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လယ်ယာ/ဆည်မြောင်း အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးကြည့်ရှု

ကလေးဝ–မော်လိုက် ကားလမ်းစစ်ဆေး၊ မော်လိုက်မြို့၌ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

ရန်ကုန်   ဧပြီ   ၅

စစ်ကိုင်းတိုင်း မုံရွာမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်ပိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၄ နံနက် ၁၁နာရီခွဲတွင် ကလေးဝ မြို့နယ်ရှိ မြစ်သာမြစ်ကူး မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြပြီး ရှမ်းတပ်ရွာဘက်ကမ်းတွင် တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ တံတားပင်မကြိုးများတပ်ဆင်ဆောင်ရွက်နေကြသည်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ရေယာဉ်ဖြင့်ကလေးဝ ဘက်ကမ်းသို့ သွားရောက်ကြပြီး ကလေးဝဘက်ကမ်း တံတားပင်မကြိုးများ တပ်ဆင်နေမှုနှင့် ချဉ်းကပ်တံတားများ ရက်မတင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်း အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတားကေဘယ်လ်ကြိုးဆွဲခြင်းလုပ်ငန်း၊ တံတားသံပေါင်များတပ်ဆင်ရန် စီစဉ်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တည်ဆောက်ရေးပစ္စည်းများ ပြည့်စုံစွာရရှိပြီးဖြစ်၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရေးနှင့် စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ရေးတို့ကို မှာကြားသည်။

မြစ်သာတံတား(ကလေးဝ) တည်ဆောက်နေသော မုံရွာ–ဘုတလင်–ယာကြီး–ကလေးဝ ကားလမ်းမှာ ၁၁၅ မိုင်ရှိပြီး အဆိုပါလမ်း မဖွင့်မီက မုံရွာမှကလေးဝသို့ ကားဖြင့်သွားရောက်ရာတွင် ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း၌ရှိသည့် မဟာမြိုင်တောကိုဖြတ်၍ ချင်းတွင်းမြစ်ကိုကူးသွားရသဖြင့် လမ်းအရှည်မှာ မိုင် ၁၆၀ ဖြစ်သည်။ မိုးရာသီတွင် သဲချောင်းများရေလျှံချိန်နှင့် ကြုံလျှင် လမ်းခရီး၌ ညအိပ်စောင့်ရကာ ပွင့်လင်းရာသီတွင် ကားဖြင့် ၁၂ နာရီ ခန့်ကြာ သွားရရာ ယခုတည်ဆောက်လျက်ရှိသည့် မြစ်သာတံတား (ကလေးဝ) တည်ဆောက် ပြီးစီးသွားပါက ကလေးဝမှ မုံရွာသို့ ကားလမ်းခရီးဖြင့် သွားရာတွင် မြစ်ချောင်းများကို ဖြတ်သန်းရန် မလိုအပ်တော့ဘဲ ယခင်လမ်းဟောင်းမှသွားသည့် အကွာအဝေးထက် ၄၅ မိုင် ပိုမိုသက်သာသွားမည်ဖြစ်ပြီး ကားဖြင့်သွားလျှင် လေးနာရီသာ ကြာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကလေးဝ–မော် လိုက် ကားလမ်းဖောက်လုပ်ရေး တာဝန်ခံ ဗိုလ်မှူးအောင်ဌေးက ကလေးဝ–မော်လိုက် ကားလမ်းဖောက်လုပ်ထားမှု အခြေအနေနှင့်စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြေသားလမ်းကို ပေ ၄၀ အကျယ် တိုးချဲ့ဖောက်လုပ်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကလေးဝ–မော်လိုက် ကားလမ်းဖောက်လုပ်ထားသည့် လမ်းအူကြောင်းအတိုင်း ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်(၁/၃)သို့ ရောက်ရှိပြီး ကလေးဝမြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာက သုံးမိုင်၊ ငါးဖာလုံ ကျောက်ခင်းပြီးစီးမှုနှင့် အကျယ် ၁၂ ပေ လမ်းချဲ့ထွင် ဖောက်လုပ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ မြေသားလမ်းအား ပေ ၄၀ အထိ တိုးချဲ့ ဖောက်လုပ်ရေး မှာကြားသည်။

ဝိုင်းဝန်းဆောင်ရွက်

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် ယောစုကျေးရွာမှ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများနှင့် တွေ့ဆုံပြီး ကလေးဝ–မော်လိုက် ကားလမ်းဖောက်လုပ်ပေးခြင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်ဖြစ်ကြောင်း၊ ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး အစစအရာရာ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ စီစဉ်ညွှန်ကြားမှုအရ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်ပြောကြားသည်။

ထိုမှတစ်ဆင့် မိုင်တိုင်အမှတ် (၂၀/၅) ပလူတဝရွာအနီး လမ်းဖောက်လုပ်ထားသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မိုင်တိုင်အမှတ် (၂၅/၃)သို့ ရောက်ရှိပြီး မြေထိုးစက်ဖြင့် လမ်းချဲ့တွင်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မိုင်တိုင်အမှတ်(၃၀) သို့ ရောက်ရှိပြီး မြေထိုးစက်ဖြင့် လမ်းသား တိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်လိုက်မြို့သို့ ရောက်ရှိကြသည်။

အဆိုပါ ကလေးဝ–မော်လိုက် ကားလမ်း အရှည် ၃၆ မိုင် လမ်းအူကြောင်း ဖောက်လုပ်ပြီးဖြစ်၍ လမ်းပြီးစီးသွားပါက မော်လိုက်မှ ကလေးဝသို့ သွားရောက်ရာတွင် ယခင်ကကဲ့သို့ စော်ဖွားရေရှင်သို့ သွားရောက်ရန် မလိုအပ်တော့ဘဲ ကလေးဝမှ တိုက်ရိုက်သွားရောက်နိုင်မည် ဖြစ်သဖြင့် ခရီးမိုင် ၄၁ မိုင် ပိုမိုသက်သာကြောင်း သိရသည်။ အလားတူ ယခင်သွားနေကျလမ်းဖြစ်သော ချင်းတွင်း–မြစ်သာ–ကလေးဝ– သက္ကယ်ကျင်း– တနန် –မော်လိုက်မဟာဗျူဟာလမ်းထက်လည်း ၄၁ မိုင် သက်သာမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်လိုက်မြို့ရှိ မြို့မကျောင်းတိုက်သို့ သွားရောက်ကြပြီး မော်လိုက်မြို့ပေါ်ရှိ စာသင်တိုက် ကိုးတိုက်မှ ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်နှင့် စားသုံးဆီများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ညနေ ၆ နာရီတွင် မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားသည်။**(အောက်ဝဲပုံ)**

အစီအစဉ်အရ မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက မော်လိုက်မြို့၏ တည်နေရာ အကျယ်အဝန်း၊ လူဦးရေ၊ ရပ်ကွက်၊ ကျေးရွာဖွဲ့စည်းမှု၊ ရာသီဥတု အခြေအနေ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မော်လိုက်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဝင်းနောင်က မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မော်လိုက်ဒေသသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် ဒေသဖြစ်ကြောင်း၊ မော်လိုက်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် မုံရွာ–ကလေးဝ လမ်းဖောက်လုပ်ခြင်း၊ ကလေးဝ မြစ်ကူးတံတားတည်ဆောက်ခြင်း၊ ယခု ဆက်လက်၍ သွားလာမှုခက်ခဲနေသော မော်လိုက်ခရိုင်အတွက် ကလေးဝ–မော်လိုက်လမ်းကို စတင်ဖောက်လုပ်ပေးပြီး နယ်မြေဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ ချမှတ်ပေးထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဒေသတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများသည် အဓိက တာဝန်ရှိသူများဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများက ဦးဆောင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အထူးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို သက်ဆိုင်ရာဌာနများသို့ တင်ပြခြင်း၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်ရမည်ဖြစ်ကြောင်း။

ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပါဝင်လုပ်ဆောင်လာကြစေရန် စည်းရုံးဦးဆောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံအဝန်း အကြားအလပ်မရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများဘက်ကလည်း အရာရာတွင် နိုင်ငံတော်ကိုသာ အားကိုးမနေဘဲ မိမိတို့လုပ်ဆောင်နိုင်သည့် အပိုင်းမှလည်း ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခု မော်လိုက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးဝ–မော်လိုက် ကားလမ်းကို ဖောက်လုပ်ပေးပြီးဖြစ်ရာ အဆိုပါလမ်း အချောသတ်ပြီးစီးသွားပါက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်များ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း

တောင်ကုတ်မြို့နယ်မှ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာတွေ့ဆုံမှာကြား

ရန်ကုန်   ဧပြီ   ၅

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မောင်ဦး၊ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၂ ရက်တွင် ဒီးဒုတ်ပေါက်တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီးနောက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် တောင်ကုတ်တပ်နယ်မှ အရာရှိစစ်သည်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ စနစ်တကျ ဆောင်ရွက်ပေးရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မှာကြားကာ အရာရှိစစ်သည်များ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ အစည်းများမှတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍အမှာစကားပြောကြားရာတွင်**(အပေါ်ပုံ)** တောင်ကုတ်မြို့သည် ရခိုင်ပြည်နယ်၏ ကုန်းတွင်းဝင်ပေါက်သုံးခု၏ ဗဟိုတွင် ကျရောက်သည့်မြို့ဖြစ်ပြီး လှေ၊သင်္ဘောများ အဝင်အထွက်များသည့်အပြင် စီးပွားရေးကောင်းမွန်သည့် မြို့ဖြစ်၍ ရခိုင်ပြည်နယ်အတွင်း အရေးပါသော မြို့တစ်မြို့ဖြစ်ကြောင်း။

ငါး၊ ပုစွန်လုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည့် မြို့နယ်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ နိုင်ငံတော်က သတ်မှတ်ထားသည့် အဓိကသီးနှံ ၁၀ မျိုးအနက် မိုးစပါး ရိတ်သိမ်းပြီးပါက ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးရန် လိုမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်အနေဖြင့် သစ်ဆိမ့်ပင်များကို ခြံပိုင်ရှိသူတိုင်း စိုက်ပျိုးရန်လိုကြောင်း၊အမည်သစ် သီးနှံဖြစ်သည့် ဂေါ်ကောင်းသည် ရခိုင်ပြည်နယ်တွင်စိုက်ပျိုးရန်သင့်တော်သည့် သီးပင်ဖြစ်ရာ မိရိုးဖလာနည်းအပြင် သိပ္ပံနည်းကျ စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ ပုစွန်မွေးမြူရေးကို တိုးတက်ဆောင်ရွက်ရန် ဖြစ်သော်လည်း လယ်မြေများကို မထိခိုက်စေဘဲ ဆောင်ရွက်ရန် လိုမည်ဖြစ်ကြောင်း၊ အခွန်အခများ မှန်မှန်ကန်ကန် တိုးတက်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊တောင်ကုတ်မြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် စီမံခန့်ခွဲရေး နည်းလမ်းဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည်တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် ဒေသဖွံ့ဖြိုးရေးကော်မတီတို့က ဆောင်ရွက်နေသည့် မြို့သောက်သုံးရေ ပေးဝေရေးအတွက် ဝက်ကြိတ်သောက်ရေကန် တူးဖော်ရေးစီမံကိန်းသို့ သွားရောက်စစ်ဆေးကြည့်ရှုသည်။ သောက်သုံးရေကန်ဆောင်ရွက်မှုနှင့်ပတ်သက်၍စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဦးမြင့်ဇော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ဆရာအောင်သာ B.A. (English); Dip. in E.L.T.
အင်္ဂလိပ်စကားပြောသင်တန်းများ
အထက်တန်းကျောင်းသားများ၊ အလုပ်ရှင်များနှင့်
ပြည်ပတွင် တာဝန်ထမ်းဆောင်မည့်သူများ၊ လုပ်ငန်းရှင်
အင်တာဗျူး ဝင်လိုသူများအတွက် Spoken English
Apr - 6, 20, 26 May - 4, 11, 15, 24
SUCCESS LANGUAGE ACADEMY
ဖုန်း: 295724

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပုပ္ပားကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ ကြီးမှူး၍ မေ ၁၁ရက်မှ ၁၈ ရက်အထိ ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ်နှင့် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

ထောက်ကြန့် ပုပ္ပားကျောင်း တရားစခန်းပွဲ

ဟောကြားမည်

မေ ၁၃ရက် ညတွင် နိုင်ငံတော်သံဃမဟာနာယက သရက် ဆရာတော် ဘဒ္ဒန္တ ကေသရ၊ ၁၄ရက်ညတွင် ရေနံချောင်း ဆရာတော် ဘဒ္ဒန္တ တေဇနိယ၊ ၁၅ရက်ညတွင် မန္တလေး ဝိဇိတာရုံ ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ၊ ၁၆ရက်ညတွင် မုံရွာဆရာတော် ဘဒ္ဒန္တ ဂါရဝနှင့် ၁၇ရက်ညတွင် မော်ဘီချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တ ကုန္ဒကတို့က တရားတော်များဟောကြားမည်ဖြစ်သည်။

လှူဒါန်းနိုင်

တရားစခန်းဝင်ကြမည့် ယောဂီများသည် မေ ၁၂ရက် မွန်းတည့် ၁၂နာရီအရောက် လာရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူအလှူရှင်များသည် ဖုန်း-၆၀၀၀၂၈ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နှစ်သစ်ကူး မဟာသင်္ကြန်နဲ့ အနာဂတ်နှစ်သစ်မှာ
အားအင်သစ်တွေနဲ့ ဖြတ်သန်းကြပါစို့ . . .

အဆင့်မြင့်မြင့် သံဗူး(Tin) WHALE (ဝေလ) စွမ်းအားဖြည့် အချိုရည်

VeVe (Green Circle Co.,Ltd) မှ WHALE (ဝေလ)စွမ်းအားဖြည့်အချိုရည်ကို တစ်ဘူးလျှင်
၁၅ဝိ/- နှုန်းဖြင့် နှစ်ကူးမဟာသင်္ကြန်နဲ့ နှစ်သစ်ကို ကြိုဆို၍ အထူးနှုန်းဖြင့် ရောင်းချပေးလိုက်ပါပြီ . . .

နှစ်ကူး အထူးဈေး
တစ်ဘူး-
၁၅ဝိ/

၂၄ လုံး
တစ်ကဒ်
၃၆ဝဝိ/-

● ကလေးပဲသောက်သောက်
● လူကြီးပဲသောက်သောက်
● ရှင်ရဟန်းပဲလှူလှူ
● လက်ဆောင်ပဲပေးပေး
အသင့်တော်ဆုံး
WHALE
(ဝေလ)အချိုရည်

မဟာသင်္ကြန်နှင့် နှစ်ကူးလက်ဆောင်အနေနဲ့ -

VeVe ဒိန်ချဉ် ၂၄ လုံးပါ
၅ဝ ကဒ်ပဲဝယ်ဝယ် . . .

VeVe Super - C ၂၄ လုံးပါ
၅ဝ ကဒ်ပဲဖြစ်ဖြစ် ဝယ်မယ်ဆိုရင် . . .

VeVe Sport Shirt (၁)ထည်နဲ့ VeVe ဦးထုပ် (၁)လုံးကို လက်ဆောင်အဖြစ်ပေးမှာ ဖြစ်ပါတယ်။

VeVe ကိုအားပေးကြသော ကုန်သည်များနှင့် မိဘပြည်သူအပေါင်းအား အထူးကျေးဇူးတင်လျက် -

VeVe မိသားစု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၅

မန္တလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၃ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်း အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့ကို ဆက်သွယ် တည်ဆောက်နေသည့် မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်း တာဝန်ခံအင်ဂျင်နီယာမှူး ဦးစိုးမင်းက တံတားဘိုးပိုင်လုပ်ငန်း၊ ပိုင်ကက်ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ စဉ့်ကိုင်ဘက်ကမ်းနှင့် မြစ်ငယ်ဘက်ကမ်းတို့၏ ချဉ်းကပ်တံတားတိုင်များ၊ ပင်မတံတားတိုင်များတည်ဆောက်ခြင်းနှင့် တံတားရက်မ ကွန်ကရစ်လောင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းကို မိုးမကျမီရေလွတ်အောင် ဆောင်ရွက်ရေး၊ ပြီးစီးသော အခန်းများကိုလည်း ရက်မကြမ်းခင်းများ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည်မြစ်ငယ်တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် တံတားဦးမြို့နယ်ရှိ တံတားဦး-ကျောက်ဆည်လမ်း ဥမှင်ကျေးရွာအနီး၌ ကင်းတားလက်ဝဲမြောင်း၏ လက်တံ ၂၉ မြောင်းပြုပြင်တူးဖော်ထားသည့် နေရာသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကင်းတား လက်ဝဲမြောင်း၏ လက်တံ ၂၉ မြောင်းနှင့် သစ်တက်ကုန်းရေလွှဲဆည်၏ ရေပေးမြောင်းမကြီးတို့ ဆုံသည့်နေရာသို့ ရောက်ရှိကြပြီး ရေထုတ်ပေါက်ကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် လယ်ကွင်းကုန်းကျေးရွာအနီးသို့ရောက်ရှိကြပြီး သစ်တက်ကုန်းရေလွှဲဆည်ပင်မမြောင်းသစ်တူးဖော်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရေပေးဝေမှုလုပ်ငန်း

ယင်းနောက် လုပ်ငန်းခွင်ယာယီမဏ္ဍပ်၌ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက အောင်သာ ရေငှတ်ပြွန်နှင့် မဲဇလီ ရေငှတ်ပြွန် တည်ဆောက်မှု လုပ်ငန်းများ၊ သစ်တက်ကုန်းရေလွှဲဆည်၏ ပင်မမြောင်းသစ်တိုးချဲ့တူးဖော်နေမှုလုပ်ငန်းနှင့် ဆည်ရေသောက် ဧရိယာများသို့ရေပေးဝေမှုလုပ်ငန်းများကို ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကင်းတားလက်ဝဲမြောင်း၏ လက်တံ ၃၀မြောင်း တိုးချဲ့တူးဖော်ထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

(၁၂)ကြိမ်မြောက် မိုးကုတ်ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၅

မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ချမ်းအေး အမှတ်(၄)ကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာတွင် ဧပြီ ၁၀ ရက်မှ ၁၆ ရက်ထိ သင်္ကြန်တွင်း ခုနစ်ရက် တရားစခန်းကျင်းပမည်ဖြစ်ရာ ဒေါက်တာဦးကျော်မြင့်နှင့် သီလရှင်ဆရာကြီး ဒေါ်ဝိမလစာရီတို့က ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါးတရားများ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ အမှတ် ၄၆၊ ဥယျာဉ်လမ်း ကြည့်မြင်တိုင်မြို့နယ်သို့ ဧပြီ ၉ ရက် နံနက် ၇ နာရီနှင့် ၁၁ နာရီကားထွက်ချိန်အမီ လာရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။**(က-ပ)**

ရွှေခြံဓမ္မရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၅

ဒဂုံမြို့သစ် (အရှေ့ပိုင်း) ၁၃ ရပ်ကွက် ရှင်ထွေးညိုလမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၃၄၃) ရွှေခြံဓမ္မ ရိပ်သာကျောင်းတိုက်တွင် ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ သင်္ကြန်ခုနစ်ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

တရား စခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေခြံဓမ္မ ရိပ်သာဆရာတော် ဦးဇာဂရိယက တရားတော်များ ဟောကြားမည် ဖြစ်သည်။

(က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရန်ကုန်-ကျောက်ဖြူလမ်းစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၅

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မတ် ၂၁ ရက်တွင် ရန်ကုန်-ကျောက်ဖြူ လမ်းစီမံကိန်း၏ မအီ-မင်းကြောင်း အပိုင်းရှိ လမ်းနှင့်တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့် မအီ-အမ်လမ်းအပိုင်းရှိ အော်သကဲတောင်လမ်းပြုပြင်ဖောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တောင်ကုတ်တပ်နယ်မှဗိုလ်မှူးကြီးမြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မတ် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် အမ်းမြို့နယ်ရှိ လုံးတော်ပေါက်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ထွဋ်က စက်ယာဉ်ယန္တရားနှင့် အဓိကပစ္စည်း စုဆောင်းရရှိမှု၊ သံပေါင်ရရှိမှု၊ ရေလယ်တိုင်နှင့် ကမ်းကပ်တိုင်များ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း တံတားတည်ဆောက်ပြီးစီးရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊တိုင်းမှူးဗိုလ်ချုပ်မောင်ဦးနှင့် ဝန်ကြီး ဗိုလ်ချုပ် စောထွန်းတို့သည် မအီ-ကျောက်ဖြူလမ်း၏ မအီ-လုံးတော်ပေါက်-မင်းကြောင်း အပိုင်း မိုင်တိုင် အမှတ် ၁၃ မိုင် နှစ်ဖာလုံနှင့် ၁၃ မိုင် သုံးဖာလုံ အကြားတွင် Geotextile နည်းဖြင့် လမ်းခင်းထားခြင်းကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးသန်းညွန့်က လိုက်လံ ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့နယ်ရှိသံသမကြီးတံတား တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့နယ်ရှိ သဇင်တန် ပေါက်တံတား တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှအင်ဂျင်နီယာမှူးဦးမြင့်ဦးက တံတားတည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့နယ်သဇင်တန် ပေါက်တံတားနှင့် ဝမ်ဖိုက်တံတားအကြားရှိ လိုဏ်ခေါင်းကျွန်းမှ မြေသားများကို ရယူ၍ လမ်းမြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြေရယူသည့်နေရာများတွင် ဒေသခံတိုင်းရင်းသားပြည်သူများ သောက်သုံးနိုင်ရန် ရေချိုသိုလှောင်ကန်များအဖြစ် ဆောင်ရွက်ပေးရေးမှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်ရှိ မင်းကြောင်း ချောင်းတံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

တောင်ကုတ်- မအီ- ကျောက်ဖြူလမ်းအပိုင်းတွင် ပေ ၁၈၀ အထက် မြစ်ကူးတံတား ၁၄ စင်း တည်ဆောက်ရန်ရှိသည့်အနက်ရှစ်စင်းတည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး တံတား ခြောက်စင်းမှာ သတ်မှတ်ကာလတွင် ပြီးစီးနိုင်ရေးအတွက် ဆက်လက် တည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် ညနေပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်နေသော အမ်း-ပဒဲကြော-မအီလမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် မိုင်တိုင်အမှတ် (၉၂၀/၃)မှ(၂၀/၄)အတွင်း ပေ ၄၀ လမ်းချဲ့ခြင်း၊ ဖြတ်မြေနှင့် ဖို့မြေလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် အော်သကဲတောင်လမ်း မိုင်တိုင်အမှတ် ၁၉/၄မှ မိုင်တိုင်အမှတ် ၁၉/၆ အတွင်း လမ်းပြုပြင်ခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းများကိုကြည့်ရှု စစ်ဆေးပြီးလိုအပ်သည်များကိုမှာကြားသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တာဝန်ရှိသူများ အမ်း-ပဒဲကြော-မအီလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၅

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စာရင်းစစ်ချုပ်ရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစာရင်းစစ်ရုံးတို့အကြား ချုပ်ဆိုမည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ပြီး မတ် ၃၁ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များအား တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့်အတူ အဖွဲ့ဝင်များ ဖြစ်ကြသော စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း၊ ညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းများဆင်း

မြိတ် မတ် ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မြိတ်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ် (၆) နှင့် အခြေခံ အိမ်တွင်းမှု သက်မွေးပညာသင်တန်း အမှတ်စဉ်(၃၅) သင်တန်းဆင်းပွဲကို မတ် ၁၉ ရက်က သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ သင်တန်းဆင်းပွဲသို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ထို့အတူ လှိုင်ကော်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၇)နှင့် အခြေခံ အိမ်တွင်းမှု သက်မွေးပညာသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက်က သင်တန်းခန်းမတွင် ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲကို ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးနှင့် စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလားတူ မူဆယ်၊ မိုင်းဆတ်၊ ကော့သောင်း အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ အဆင့်မြင့် စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှု သက်မွေးပညာ သင်တန်းဆင်းပွဲများကို သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီး၌ မတ် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **(က-ပ)**

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် (၄)လမ်း ဘုရားလေးကွင်းဆရာတော် ဦးဆောင်သော ဒါယကာ၊ ဒါယိကာမများက လှူဒါန်းငွေဖြင့် ခင်းခဲ့သော (၄)လမ်း ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၁၉ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

တောင်ကြီး မတ် ၂၉

ရှမ်းပြည်နယ် တောင်ကြီးမြို့ အောင်သပြေ စဉ့်ဟယ် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၁၄)၌ သင်္ကြန်တရားစခန်းပွဲကို တန်ခူးလပြည့်ကျော် ၄ ရက်မှ ၁၃ ရက်ထိ၊ ဧပြီ ၈ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် ရွှေဘုန်းမြင့်ကျောင်းမှ ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဩသဓ (သာသနတက္ကသီလ ဓမ္မာစရိယ၊ ဘီ၊အေ) အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်လိုသူ ယောဂီများ စာရင်းပေးသွင်းဝင်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မိတ္ထီလာမြို့နယ် ကျေးလက်စက်ရေတွင်းဖွင့်

မိတ္ထီလာ မတ် ၂၇

(၅၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မုန်ပင်ဆည်ကျေးရွာ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၈ နာရီက ကျင်းပရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညီညီတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အကောင်အထည်ဖော်

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် စက်ရေတွင်း ၂၇ တွင်း၊ တွင်းတိမ်တစ်တွင်း၊ အလှူရှင်တို့၏ အလှူငွေဖြင့် စက်ရေတွင်း ၁၆ တွင်းတို့ကို ကျေးရွာ ၄၄ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ **(နယ်စပ်စည်ပင်)**

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများဖြစ်သည့် ဗိုလ်ချုပ်လမ်း၊ အလောင်းဘုရားလမ်း၊ ဇီဝကလမ်းများအား ဖာထေးရာ မတ် ၂၀ ရက်က ဇီဝကလမ်း ဖာထေးမှုအား လက်ထောက်အင်ဂျင်နီယာ ဦးသန်းလွင်က ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

သောက်သုံးရေကန်များ သန့်ရှင်းရေးဆောင်ရွက်

ဘိုကလေး မတ် ၂၃

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အမှတ်(၄)ရပ်ကွက် စကားဝါလမ်းနှင့် မနော်ဟရီလမ်းရှိ ကန်ကောက် သောက်သုံးရေကန်အား သန့်ရှင်းသော သောက်သုံးရေကန်ဖြစ်ရေးအတွက် စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့နှင့် ပြည်သူများ စုပေါင်း၍ ကန်အတွင်းအမှိုက်သရိုက်များ ဆယ်ယူသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ကန်ပတ်လည် အုတ်ခြံစည်းရိုးကာရံခြင်းကို မတ် ၁၈ ရက်က ဆောင်ရွက်ခဲ့သည်။

သုံးစွဲနိုင်

အုတ်ခြံစည်းရိုး အရှည်ပေ ၅၀၀၊ အမြင့်ခြောက်ပေဖြစ်ပြီး ကုန်ကျငွေကျပ်သိန်း ၃၀ ဖြစ်သည်။ ကုန်ကျငွေအား မြို့နေ ပြည်သူလူထု စုပေါင်းထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ပြီး မြို့နေပြည်သူများအတွက် တစ်နှစ်ပတ်လုံး သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်မည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မတ် ၃ ရက်က ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဒွေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးအောင်ကိုကိုတို့က ကျုံကူး-ရဲခေါင်ကြီး ကျေးလက်လမ်း အရှည်ပေ ၂၆၅၀ ကျောက်ချောခင်း ဆောင်ရွက်မှုကို ကြီးကြပ်စစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

စာကြည့်တိုက်ဖွင့်ပွဲ စာပေဟောပြောပွဲကျင်းပ

ပခုက္ကူ မတ် ၂၄

ပခုက္ကူမြို့နယ် ရှားတောရွာတွင် ပခုက္ကူဦးအုံးဖေ ဆောက်လုပ်လှူဒါန်းသည့် ဗဟုသုတ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် စာပေဟောပြောပွဲကို မတ် ၂၀ ရက် ည ၈ နာရီက အဆိုပါ စာကြည့်တိုက်ကွင်းပြင်တွင် ပြုလုပ်ရာ ပခုက္ကူဦးအုံးဖေက မိတ်ဆက်အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းရာ ပခုက္ကူဦးအုံးဖေက လက်ခံရယူပြီး စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က "စကားလက်ဆောင်" ခေါင်းစဉ်ဖြင့် စာပေရေးရာများ ဟောပြောကြောင်း သိရသည်။ **(၁၉၉)**



ဝါးခယ်မမြို့ ရေပေးဝေရေးဆောင်ရွက် မြို့နေပြည်သူများ ရေသန့်သုံးစွဲနိုင်မည်

ဝါးခယ်မ မတ် ၂၀

ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့တွင်အလှူရှင်များ၏ထည့်ဝင်ငွေကျပ်သိန်း ၃၆၀ဖြင့် မြို့ပေါ် ရေပေးရေးလုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်က သက်ဆိုင်ရာ တာဝန်ရှိသူများ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဝါးခယ်မမြို့ပေါ် ရေပေးရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် ရေစက်ရုံများ တည်ဆောက်ခြင်း၊ ရေစစ်ကန်၊ ရေစုကန်များ တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်း လုပ်ငန်းများကို စတင်၍ လုပ်ကိုင်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ မြို့နေပြည်သူများကလည်း ဤကဲ့သို့ ရေပေးရေးလုပ်ငန်းမှ ရေကောင်းရေသန့်များ အဆင်ပြေစွာ သုံးစွဲရမည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၁၈၂)**

သင်္ကြန်တရားစခန်းဖွင့်မည်

မန္တလေး မတ် ၂၁

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ ရိပ်သာ မန္တလေးတောင်ခြေ ဖားအောက်တောရ ကမ္မဋ္ဌာန်းကျောင်းတွင် ကမ္မဋ္ဌာနာစရိယဆရာတော်ဘဒ္ဒန္တ ကေသရိန္ဒ က ကြီးမှူး၍ ဧပြီ ၈ ရက်မှ ၁၇ ရက်ထိ မဟာသင်္ကြန် အထူးတရား စခန်းဖွင့်မည်ဖြစ်သည်။ စခန်းဝင် အားထုတ်လိုသူများသည် မန္တလေးတောင်ခြေ ဖားအောက်တောရ ကမ္မဋ္ဌာန်းကျောင်းသို့ ကြိုတင်ဆက်သွယ် စာရင်းပေးပို့နိုင်ကြောင်းနှင့် ဧပြီ ၇ ရက် ညနေ အရောက် ကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အောင်ပန်း-ပေါ်တုတ် ကျေးလက်လမ်းဖွင့်

ကလော မတ် ၂၈

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ခဲ့သော အောင်ပန်း-ပေါ်တုတ် ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါလမ်း၏ မုခ်ဦးရှေ့တွင် ကျင်းပရာ ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တပ်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြသည်။

အောင်ပန်း-ပေါ်တုတ် လမ်းဖွင့်ပွဲ အခမ်းအနားတွင် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှက လမ်းနှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အောင်ပန်း-ပေါ်တုတ် ကျေးလက်ကျောက်ချောလမ်းသစ်အား ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒု-ရဲမှူး မြင့်အေးနှင့် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ် သတင်းများ

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် သရဖီမြိုင်လမ်း ကျောက်ချောလမ်းအားရမည်းသင်းခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော်တို့ မတ် ၁၂ ရက်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

စကမြား-ရန်မနိုင် ကျေးရွာချင်းဆက်မြေသားလမ်းသစ်ဖွင့်

မြောင်းမြ မတ် ၂၁

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော စကမြား-ရန်မနိုင် ကျေးရွာချင်းဆက် မြေသားလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ရက်က အဆိုပါလမ်း မုခ်ဦး၌ ကျင်းပရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွင့်ဝင်း တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် စကမြား-ရန်မနိုင် ကျေးရွာချင်းဆက် မြေသားလမ်းနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒု-လက်ထောက်အင်ဂျင်နီယာ ဦးမြင့်မောင်က ရှင်းလင်းပြောကြားပြီး လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံငယ်များ ပေးအပ်ကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးလှမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

စကမြား-ရန်မနိုင် မြေသားလမ်းသည် အရှည်၂ဒသမ၅မိုင် ဖြစ်ပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၅၆သိန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် စကမြား၊အစုကြီး၊ကွင်းပေါက်၊ ကျွန်းဒိတ်၊ ကျုံတာ၊ ရန်မနိုင် ကျေးရွာအုပ်စုများသို့ ပိုမိုလွယ်ကူစွာသွားလာနိုင်ပြီဖြစ်သည်။ **(ခရိုင်ပြန်ဆက်)**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခုနှစ် ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ပင်းဟဲကျေးရွာ ကျေးလက်ရေပေးရေး လေးလက်မအဝီစိတွင်း တူးဖော်နေမှုအား အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်

ဒိုက်ဦး မတ် ၂၆

ဒိုက်ဦးမြို့အမှတ်(၅)ရပ်ကွက် ပဓာနိကာရုံကမ္မဋ္ဌာန်းကျောင်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၈နာရီက ဖအောင်ဝဲလမ်းနှင့် ကမ္မဋ္ဌာန်းကျောင်းလမ်းဆုံရာ မုခ်ဦး၌ကျင်းပသည်။

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကတ္တရာသုံးတန်ပံ့ပိုး၍ ရန်ကုန်မြို့ ဝင်ဒါမီယာ သံလွင်လမ်းနေ ဗိုလ်မှူးမင်းဒင်(ငြိမ်း)-ဒေါ်ရီရီလှတို့က ငွေကျပ်သိန်း ၂၀ လှူဒါန်းကာ ကတ္တရာလမ်းအား မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဝင်းသန်းနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၁၃၀)**

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး မွမ်းမံသင်တန်းဖွင့်

မင်းတပ် မတ် ၃၀

ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်ခရိုင်အတွင်းရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး မွမ်းမံ သင်တန်းအမှတ်စဉ် (၂/၂၀၀၄) ဖွင့်ပွဲကို မင်းတပ်မြို့ အထက(၁)ခန်းမ၌ မတ် ၁၅ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် အုပ်ချုပ်ရေးမှူးကိုယ်စား ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စန်းကသင်တန်းဆိုင်ရာ အချက်အလက်များကို ပြောကြားသည်။

အခမ်းအနားသို့ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(ခရိုင်/ပြန်ဆက်)**

မတ်၂၈ရက်က သန်လျင်မြို့နယ် အောင်ချမ်းသာ ရပ်ကွက် အမက (၂) အောင်ချမ်းသာ(ဂျမား)ကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာ သင်ယူပြီး မြောက်ခြင်းလက်မှတ် ပေးအပ်ပွဲ အခမ်းအနားတွင် စတုတ္ထတန်းမှ မသင်းသင်းအောင်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(က-ပ)

မတ် ၂၇ရက်က လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံနှင့် မြို့မဈေး ဝန်းကျင်တို့တွင် စုပေါင်းသန့်ရှင်းရေးအဖြစ် ရေမြောင်းများ ဆယ်ခြင်း၊ ချုံနွယ်များ၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ခင်ဦး မတ် ၂၆

ခင်ဦးမြို့နယ် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ရုံးမြို့မဒိုင်ကွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကိုရုံးချုပ်(ရန်ကုန်)၊ တိုင်းရုံး(စစ်ကိုင်း)၊ လက်ထောက်တိုင်းရုံး(ရွှေဘို)၏ စီမံချက်အရ မြို့နယ်မန်နေဂျာ ဦးကြည်ဆန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဒုဦးစီးမှူးဦးစန်းဦးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၁၇ရက် နံနက်က မီးသတ်ဆေးဘူးနှင့် မီးသတ်ကားတို့ဖြင့် မီးဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို သရုပ်ပြဆောင်ရွက် ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်မျိုးစုံလှူဒါန်း

စလင်း မတ် ၃၀

စလင်းမြို့ ဈေးမရပ်ကွက်နေ ဦးဘစန်းမိသားစုမှ စလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်မျိုးစုံ ၁၄၆အုပ်ကိုလှူဒါန်းရာ မြို့နယ် ဦးစီးမှူး ဦးမြင့်မောင်က ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ အလားတူ ဦးစိန်မြင့် (အငြိမ်းစားသစ်တောဦးစီးအရာရှိ)၊ ဦးထွန်းထွန်းဦး (မြို့နယ်တရားသူကြီး)နှင့် အလှူရှင်များက စာအုပ်မျိုးစုံ ၃၂၆ အုပ်လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

နယ်သတင်းများ

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

HONEY MOON CAR RENTAL

မြို့တွင်း၊ပြင်၊လချုပ်၊သင်္ကြန် ကားမျိုးစုံငှားသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း-၀၉-၅၀၁၈၈၆၇
၂၄၀၈၃၂၊ ၂၈၇၁၂၉။

P.E.S

အင်္ဂလိပ်စကားပြောသင်တန်း

U WIN MAW (Research)

၁၈၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၀၃၉၈၄၊ ၂၂၂၄၂၈

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**

ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

ခေါ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၁လမ်းအိမ်ရာ၊ တိုက်(၃)၊ အခန်း(၁)နေ
ဦးကျော်မြင့်(ဒု-ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန)(ငြိမ်း)-ဒေါ်လှလှမြင့်(ထ-၃၊ ပန်းဘဲတန်း)တို့၏သား

မောင်မျိုးကျော် A.G.T.I(EP), B.Sc(Phys)

နှင့်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေရိုးနွယ်လမ်း၊ အမှတ်(၄၄၃/၄၄၄)နေ ဦးမျိုးကြည်-ဒေါ်ပြုံးတို့၏သမီး

မမကြည်ဦး A.G.T.I (EP), B.Sc(Zoo)

အလုပ်ရုံစိတ်မှူး၊ စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ၊ အလုပ်ရုံ(၂)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန

တို့သည် ၃၁-၃-၂၀၀၄ရက်နေ့တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့်ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် ခေါ်စပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်မျိုးကျော်-မမကြည်ဦး။

မွေးနေ့ဆုတောင်းလွှာ

ချစ်သမီးကြီးခိုင် (တွဲဖက်ပါမောက္ခ၊ ဒဂုံတက္ကသိုလ်)၏ နှစ်သစ်တွင် ကျရောက်သော ရွှေရတုမွေးနေ့မှသည် နှစ်(၁၂၀)တိုင် လိုရာဆန္ဒမှန်သမျှ မတောင့်တရဘဲ ပြည့်စုံစေရန်အတွက်လည်းကောင်း၊ နိုင်ငံ့အကျိုး၊ လောကီ၊ လောကုတ္တရာအကျိုးတို့ကိုလည်း ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

ဖေဖေ ဦးမောင်အို-မေမေ ဒေါ်စုစု
ညီအစ်ကိုမောင်နှမများ
ချစ်သား၊ သမီး-မောင်ဇေယျာမျိုးမင်းခိုင်၊ မချိုချိုဦး။

TTA Travel Together Agency

Hotel, Restaurant, Air Con Express Car

ပန်တျာနှင့် ပန်းချီပန်းပုကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ရန်ကုန်နှင့်မန္တလေးမြို့များရှိ ပန်တျာကျောင်းများနှင့် ပန်းချီပန်းပုကျောင်းများတွင် သင်ကြားပို့ချသည့် အဆို၊ အက၊ အတီး၊ အမှုတ် (၃)နှစ်သင်တန်းများနှင့် ပန်းချီပန်းပု (၃)နှစ်သင်တန်းများသို့ တက်ရောက်သင်ကြားလိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ ပန်တျာနှင့် ပန်းချီပန်းပုကျောင်းများသို့ လျှောက်ထားသူများသည် ပညာအရည်အချင်း အနည်းဆုံး အခြေခံပညာအလယ်တန်း(အဌမတန်း)အောင်မြင်ပြီးသူများဖြစ်ရပါမည်။(အနုပညာအခြေခံအရည်အသွေးကောင်းမွန်သူများအတွက် ပညာအရည်အချင်းကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးမည်။) အသေးစိတ်အရည်အချင်းသတ်မှတ်ချက်နှင့် လျှောက်လွှာပုံစံများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ရန်ကုန်နှင့်မန္တလေးမြို့များရှိ သက်ဆိုင်ရာပန်တျာနှင့်ပန်းချီပန်းပုကျောင်း ကျောင်းအုပ်များထံတွင် စုံစမ်းရယူနိုင်ပါသည်။
၃။ ရွေးချယ်ခံရသူများသည် တစ်လလျှင် ထောက်ပံ့ကြေး ၃၀၀/-တိတိ(ကျပ်သုံးရာတိတိ)ရရှိမည်။
၄။ လျှောက်ထားသူများသည် ညွှန်ကြားရေးမှူး၊ သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ၊ အနုပညာဦးစီးဌာန၊ အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ခုနှစ် မေလ(၃၁)ရက်နေ့မတိုင်မီပေးပို့ရမည်။

ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ဗိုလ်ချုပ်လမ်း၊ အိုးအိမ်ရုံးချုပ်အနီး၊ ပေ၃၀ x၆၀၊ မြေညီ၊ ထပ်ခိုးပါ၊ ဖုန်း၊ ရေ၊ မီး (၂၄)နာရီ။
၂။ ဘုရင့်နောင်၊ သစ်တောဦးစီးအနီး၊ VIP ထောင့်ကွက်၊ နှစ်ထပ်တိုက်၊ စက်ရေတွင်း၊ ပါဝါမီတာ၊ ဖုန်းပါ။

ဆက်သွယ်ရန် ဖုန်း-၆၆၂၆၄၅၊ ၅၀၃၀၉၆။

သင်္ကြန်ရက်များအတွင်းပိတ်ရက်မရှိဖွင့်လှစ်ပါမည်။

(နေ့ကို 10:00 AM - ညနေ 3:00 PM)

မြကန်သာမြန်မာထမင်းဆိုင်

(စမ်းသာဟိုတယ် - ရန်ကုန်တက္ကသိုလ်)

- သင်္ကြန်လည်ပတ်ပြီး နေ့လယ်စာအသင့်စားသုံးနိုင်သည်။
- ကျယ်ပြန့်သောကား Parking ရှိသည်။
- ထူးခြားကောင်းမွန်သောအရသာနှင့်ပြည့်စုံသည့် မြန်မာဟင်းလျာမျိုးစုံရနိုင်သည်။

သင်္ကြန်မဏ္ဍပ်များအတွက် အထူးဆောင်ပါ လက်ခံပါသည်။

ဖုန်း - ၂၅၃၀၁၁-၂၅၉၅၁၈-၂၅၉၅၁၉

NEW MOTION TRAVELS CO., LTD.

Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service

ရွှေလီ Apr ; 30 · ကောင်းကြီး Apr ; 30 · ချောင်းသာ May : 1 · မော်လမြိုင် Apr ; 30

Ph : 725 799, 537 024

ရွှေထူးလွင် ဘုရားဖူးပို့ဆောင်ရေး

Ph : 254608, 377921, 577164

ဆေးတောနာရှင်

အဆက်ပါခရီးစဉ်များ(၁၁-၄-၂၀၀၄)နေ့တွင် ထွက်မည်။

☎ 379528

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်)ဒညင်းကုန်း
ဖုန်း-၆၄၀၇၃၉၊ ၆၄၀၄၄၂

တီအီးယာဉ်မောင်းနှင်မှုသင်တန်း အမှတ်စဉ်(၈၃) ၂၂-၄-၂၀၀၄ရက်နေ့တွင်ဖွင့်မည်။
သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ အထက်ပါကြော်ငြာထည့်သွင်းသည့်နေ့မှစ၍ သင်တန်းကြေးများ ပေးသွင်းနိုင်ပါသည်။
ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် သတ်မှတ်သင်တန်းသားဦးရေ ပြည့်မီပါက သီးခြားသင်တန်းစီစဉ်ပေးမည်။ နယ်သင်တန်းသားများအတွက်ဘော်ဒါရှိသည်။
သင်မောင်းလိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။ သင်တန်းဆင်းလက်မှတ်အား အင်္ဂလိပ်ဘာသာဖြင့် ချီးမြှင့်ထုတ်ပေးသည်။

Air Con Express

SS FOOD CHANNEL

သင်္ကြန်အတွင်း ဆိုင်ဖွင့်ပါမည်။

Ph- 556224

Tel : (01) 723102

တိုက်ခန်းရောင်းမည်

အမှတ် 61-A၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ 16'x62'၊ ပြင်ဆင်ပြီး၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေစုပ်စက်၊ Aircon တစ်လုံးပါ။ ညှိနှိုင်းဈေး။

ဆက်သွယ်ရန်-၅၄၂၅၆၅ (9:30 to 4:30)

JUNIOR LEADER

6 APRIL 2004



Dagaung Mingala Pagoda

Read Junior Leader to improve your English.

KMD Computer Centre

Fully Air Conditioned ... Hand out, 10 years Old Questions and Answers, Text books

B.Com., R.L

KMD
550-552, Merchant Road, Kyauktada Tsp, Yangon. Tel : 249155 / 381035

LCCI
Accounting Course
Level I ,II & III

Commencing Date
Level I,II
26 April 2004 (5:00 - 6:30)PM
Mon, Tue, Wed
Level III
2 May 2004 (9:30 - 3:30)
Sat+Sun

ချောင်းသာ HOTEL & CAR

ငပလီသင်္ကြန် EXPRESS

ငပလီ သင်္ကြန် (ပန်းသဇင်အဖွဲ့)
စား၊ တည်း၊ ငြိမ်း
(၄ညအိပ်၊ ဧပြီ ၁၂ရက်ထွက်မည်)
No-303၊ အနော်ရထာလမ်း၊
ကုန်ဈေးတန်းလမ်းထိပ်၊
ဖုန်း-၂၄၃၇၆၀၊ ၃၈၀၅၂၇။

လူနာရှင်များသိစေရန်

ပြင်ဦးလွင်မြို့၊ ရေသရောက်ကုန်းကျေးရွာမှ အကြောပြင် ဆရာကြီး ဦးစံတင် ရန်ကုန်မြို့သို့ရောက်ရှိနေပါပြီ။
ဆက်သွယ်ရန်- ၂၇၇/၄၊ ရွှေတောင်ကြီးဆေးတိုက်၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-၇၀၇၂၁၀။

Yan Aung

SUPER CAR RENTAL
249301, 0980 21001

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာ
ဦးအေးသန်း (၅၆)နှစ်
မိုးကောင်း

ကချင်ပြည်နယ်၊ မိုးကောင်းမြို့ အလယ်ရပ်နေ ဦးထွန်းရှင်း-ဒေါ်ချစ်မေတို့၏ သားကြီး (ဦးလီတာကွေ-ဒေါ်ဟော့ကျင်မေ)တို့၏ သားသမက်၊ ရန်ကုန်မြို့ အမှတ် ၂၈၄/၂၈၆ အခန်း(၁) ဒုတိယထပ်၊ ရွှေတိဂုံဘုရားလမ်းနေ ဒေါ်ပြုံးပြုံး၏ ချစ်လှစွာသော ခင်ပွန်း၊ မကြွယ်ကြွယ်သန့်(ACCA Part II)၊ မသဇင်သန့် (တတိယနှစ် ကွန်ပျူတာတက္ကသိုလ်)၊ မောင်ပြည့်စုံ(ပထမနှစ်-B.Tech)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဒေါ်သိန်းသိန်း၊ ဒေါ်စန်းစန်းခင် (King Heart Jewellery ကျောက်မျက်ပြတိုက်)၊ ဦးမြင့်စိုး၊ ဒေါ်ခင်ညိုတို့၏ အစ်ကိုကြီး၊ မောင်ကျော်ခိုင်မြင့်၊ မောင်ဇော်နိုင်မြင့် (ကပစ-၄)၊ မဆွေဝါမြင့်တို့၏ဘကြီးသည် ဖားကန့်မြို့ နေအိမ်တွင် ၂-၄-၂၀၀၄ရက် ညနေ ၅နာရီတွင် ကွယ်လွန်ပါ၍ ၆-၄-၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် မိုးကောင်းမြို့ တရုတ် သင်္ချိုင်း၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးလှထွန်းညွှန့်(၆၃)နှစ်
စစ်တောင်းစက္ကူစက်(ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၄)ရပ်ကွက်၊အမှတ်၇၃နေ ဒေါ်သောင်းသောင်းမြင့်၏ခင်ပွန်း၊ ကိုကျော်ဇောဦး - မအေးအေးမြင့်၊ ကိုအောင်သိန်းထွန်း-မနွယ်နီ၊ ကိုရဲဇော်ထွန်း-မအေးအေးသင်း၊ ကိုရဲအောင်ထွန်း-မမြင့်မြင့်ထွေး၊ ကိုမိုးဇော်ထွန်း-မဥမ္မာတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက်၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၀၄ ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်အောင်သူထိုက်
အသက်(၂၅)နှစ်

ကျောက်ဆည်မြို့၊ လွန်ကျော်စိုက်ပျိုးရေးခြံနေ (ဦးတင်သန်း)-ဒေါ်ငွေစိန်၊ သာစည်မြို့နယ်၊ ဆင်ရွာကျေးရွာနေ (ဦးကြည်)-ဒေါ်မိလေးတို့၏မြေး၊ ဦးလှတင်-ဒေါ်မြင့်တင်၊ ဦးကျော်မြင့်သိန်း (အုပ်စုမန်နေဂျာ၊ ရေဆင်းသုတေသန)-ဒေါ်ခင်ယုဆွေ၊ ကိုခင်မောင်တင့်-မနန်းနွဲ့၊ ကိုသော်တာ-မရီရီမြင့်၊ ကိုအေးစိုး-မအေးသိန်းတို့၏ တူ၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက် (အနောက်ခြမ်း)နေ အရာခံဗိုလ်တင်လှိုင် (ကကဆက်)-ဒေါ်စန်းစန်းမာတို့၏ သားကြီး၊ မောင်စိုးမိုးလှိုင်၊ မအိအိလှိုင်တို့၏ အစ်ကိုသည် ၃-၄-၂၀၀၄ရက် (စနေနေ့) တွင်ကွယ်လွန်သွားပါသဖြင့် ၅-၄၂၀၀၄ (တနင်္လာနေ့)ညနေ၃နာရီတွင်တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
မရမ်းကုန်းမြို့နယ်တရားရုံး
၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ်(၇)

ဦးမြင့်စိန်ပါ–၄ ဒေါ်ရှင်
အမှတ်–၁၆၁/ဂ၊ စက်ဝလမ်း နှင့်
၈–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ လိပ်စာမသိ
တရားလို **တရားပြိုင်**

(ယခု နေရပ်လိပ်စာမသိတရားပြိုင် ဒေါ်ရှင်သိစေရမည်)

သင့်အပေါ်၌ တရားလို ဦးမြင့်စိန်ပါ–လေးဦးတို့မှ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များ ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၀၄ခုနှစ်၊ ဧပြီလ၉ရက်(၁၃၆၅–ခုနှစ်၊ တန်ခူးလဆုတ် ၅ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်(သို့တည်းမဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ်၊ မတ် ၂၄ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မင်းသိန်း
ဒုတိယမြို့နယ်တရားသူကြီး(၂)
မရမ်းကုန်းမြို့နယ်တရားရုံး

တစ်လပြည့်အလွမ်း
ဖေဖေ–သီရိပျံချီ ဦးဇော်ဝင်းဇော်(ခ)ဦးဇော်ဝင်း
(မော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)
မေမေ–မိုးဒေဝါဒေါ်လှရွှေ(ခ)ဒေါ်မေသန်း

သားတို့၊သမီးတို့ အမြဲထာဝရ သတိရလွမ်းဆွတ်လျက်ရှိပါသည်။ သားတို့၊ သမီးတို့ ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုကို ဖေဖေနှင့် မေမေ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သား –ဦးဇော်ဏီဇော်(C/O R.C.L Shipping Co.)
ဒေါ်မြနွဲ့အေး
မြေး –ဇော်စိုးမိုးဇော်–နီနီအောင်
မြစ် –ဆုမြတ်စံ၊ ထွန်းလင်းအောင်။

ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ယုယုအောင်၏ဖခင် ဦးချစ်အောင်(ယုဇနဆီအုန်းစီမံကိန်း)သည် ၃–၄–၂၀၀၄တွင် ကော့သောင်းဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ–နေရည်စန်းဝင်း၊ ဟေမာမြင့်မောင်၊ ဇင်မာအေး၊ သက်မွန်ထွေး။

မန္တလေးအသင်း
ဗိုလ်မှူးဇော်လင်း(ငြိမ်း)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း၊ အမှတ်(၂၂)၊ (ဒုတိယထပ်)နေ ရာသက်ပန်အသင်းဝင် ဗိုလ်မှူးဇော်လင်း(ငြိမ်း)သည် ၅–၄–၂၀၀၄ရက် မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်ပါ၍ ၇–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဦးကိုကိုကြီး
အသက်(၅၇)နှစ်
ကြီးကြပ်ရေးမှူး(သွားလာ)
မြန်မာ့မီးရထား၊ တိုင်း(၇)
(ရန်ကုန်တိုင်းအလေးမ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၆)လမ်းနေ (ဦးငွေစံ)–ဒေါ်ငွေကြည်တို့၏ သား၊ စစ်ကိုင်းတိုင်း၊ ညောင်ပင်လှကျေးရွာနေ (ဦးဘိုးသာ–ဒေါ်လေးခင်)၊ ဦးကျော်တင်–ဒေါ်သံချောင်း၊ ဦးဝင်းမောင်–ဒေါ်သောင်းတို့၏တူ၊မောင်၊ (ဒေါ်ခင်စောလှိုင်)၊ဦးအောင်ကျော်သန်း(အောင်ချမ်းသာစာပေ)၊ (ဒေါ်ခင်ကြည်လှိုင်)တို့၏ အစ်ကိုကြီး၊ ဒေါ်လှမြင့်(လ/ထမန်နေဂျာ၊ မြန်မာ့မီးရထား)၏ခင်ပွန်း၊ ဦးဇေယျာထွန်း(ဒု–ရုံပိုင်၊သိမ်ဇရပ်) – ဒေါ်ဟိန်းစီနီယာအောင်၊ ဦးနေမျိုးလွင်(1.0.1 ပန်းပွတ်လုပ်ငန်း) – ဒေါ်အေးသူခိုင် (SAE ရေသန့်ဌာန ရန်ကုန်မြို့တော်စည်ပင်)၊ မသူဇာတို့၏ဖခင်၊ တူ၊တူမ ၁၅ယောက်တို့၏ ဦးလေး၊ မြေး သုံးယောက်တို့၏အဘိုးသည် ၅–၄–၂၀၀၄ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၄–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ဗိုလ်တထောင်မြို့နယ်၊ ၁၀–ရပ်ကွက်၊ သိမ်ဖြူလမ်းသွယ်၊ မီးရထားအရာရှိအိမ်ရာမှ ကားများ နံနက် ၉း၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဖြူ
အသက်(၆၃)နှစ်
အထက (၁)ဒဂုံ (အငြိမ်းစား)
I.L.B.C (သချ်ာဌာန)

(ဦးကျော်ဇော–ဒေါ်ခင်သက်) တို့၏ သား၊ (ဦးစိန်–ဒေါ်ရှမ်း)တို့၏ သားသမက်၊ အမှတ်(၉၄)၊ ဒုထပ်(ဝဲ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြင့်ဝါ၏ ခင်ပွန်း၊ (ဦးမြဆယ်)–ဒေါ်အမာတို့၏တူ၊ ဦးစိုးမြင့်–ဒေါ်စန်းစန်းအေး၊ ဦးခင်မောင်အေး၊ ဦးခင်မောင်လေး–ဒေါ်ခင်ပြုံးကြည်တို့၏ အစ်ကို၊ မမိုးမိုးဆမ်း၊ မဆွေဆွေတင့်၊ မဇင်သက်ခိုင် (Yoma Bank)၊ မချောစုလှိုင်၊ မောင်သုတတို့၏ ဖခင်သည်၅–၄–၂၀၀၄ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

(သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့်
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀)၊ (၆)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသန်းညွန့်–ဒေါ်သိန်းတင်)တို့၏ သမီး၊ ဦးအောင်မြင့်၏ ဇနီး၊ ကိုခင်မောင်သန်း–မနှင်းနှင်းအေး၊ ကိုဇော်မင်းအောင်–မခိုင်ခိုင်အေး၊ မစန်းစန်းဌေး၊ မောင်ထွန်းထွန်းဝင်း၊ မောင်ထွန်းထွန်းလင်းတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၅–၄–၂၀၀၄ ရက် မွန်းလွဲ ၂း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးဇော်လင်း(ငြိမ်း)
အသက် (၆၂)နှစ်
D.S.A(၇)
ဒု–ညွှန်ကြားရေးမှူး(ငြိမ်း)
နိုင်ငံတော်ကောင်စီရုံး
ရှေ့နေချုပ်ရုံး
ပန်းဘဲတန်းစစ်မှုထမ်းဟောင်းအဖွဲ့

(ဦးကိုကိုကြီး–ဒေါ်တင်တင်) တို့၏ သား၊ (ဦးရှိန်–ဒေါ်စောလွင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ တိုက်(၂၂)၊ အခန်း(၆)၊ ဒုတိယထပ်(ဝဲဘက်)ခန်းနေ ဒေါ်ခိုင်ခိုင်(ဒေါ်ခင်မြိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ (ကိုလင်းဝဏ္ဏ)၊ ကိုလင်းသူရ–မအေးအေးဟန်၊ ကိုလင်းနန္ဒ– မခင်မေကြူ၊ (ကိုလင်းဇေယျ)၊ ကိုလင်းသီဟ(လ/ထ မန်နေဂျာ၊ မြန်မာ့နစ်ရှည်ပင်လုပ်ငန်း)– မအေးအေးချောတို့၏ ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၅–၄–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၄–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu Sian Za Kham
အသက် (၈၉) နှစ်

ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်၊ ကန့်ဆောက်ကျေးရွာနေ (Pu Thang Am-Pi Tel Don)တို့၏ သား၊ တွန်းဇန်မြို့နယ် စိန်ဂဲလ်ကျေးရွာနေ (Pu Zam Langh -Pi Uap Zen)တို့၏ သားသမက်၊(Pi Ciin Khaw Ning)၏ ခင်ပွန်း၊ ကလေးမြို့နယ်၊ ပင်လုံ ပ–၉ခ/ ၆၅နေ Pa Am Za Khen-Nu Khawm Do Cing၊ (Tg. Langh Suan Pau)၊ Nu Don En Cing-Sia Cin Khan Suan၊ (Nu Zen Khan Niang)-Pa Hen Za Nang၊(Tg. Hang Khan Thang)၊ Pa Awn Khan Kap(လ/ထ–ညွှန်မှူး၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ဟားခါးမြို့)၊ Nu Ngai Hau Niang ၊ ဟားခါးမြို့) Nu Ning Khaw Nian-Rev. Cin Za Mung၊ Nu Niang Khan Lun-Pa Pau Khan Mang၊ Pa Gin Kap Thang (ဒု–ဦးစီးမှူး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဆားလင်းကြီးမြို့)၊ Nu Dim En Cing တို့၏ ဖခင်၊ Tg. Kham Do Dal နှင့် မြေး၊မြစ် ၆၃ ယောက်တို့၏ အဘိုးသည် ၂၅–၃–၂၀၀၄ရက် နံနက်၄း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆–၃–၂၀၀၄ ရက်တွင် ကလေးမြို့ ခရစ်ယာန်သချိုင်းသို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ရှုအင်း
အသက်(၈၄)နှစ်
(ပြွန်တံဆာ)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၇၈)၊ (၃၃)လမ်းနေ (ဦးဘိုးရင်–ဒေါ်အေးရင်)တို့၏ သမီး၊ (ဦးဇင်ဝေ၊ စက်မှု–၁)၏ အစ်မ၊ ဒေါ်ခင်သက်အေး(စက်မှု–၁)၊ ဦးညီညီထွေးတို့၏ အဘွားလေးသည် ၅–၄–၂၀၀၄(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဥ (၆၇)နှစ်
(ဝက်ချောင်း/ကျောင်းကုန်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ်(၈၄)၊ ဒုတိယထပ်နေ (ဦးစစ်ကြည်–ဒေါ်ငွေရင်)တို့၏ သမီးထွေး၊ (ဦးစိုးဝင်း)–ဒေါ်တင်တင်နု၊ ဒေါ်ခင်ပုတို့၏ ညီမ၊ ကိုအောင်မျိုး–မခိုင်ခိုင်ငြိမ်း၊ ကိုအောင်မြိုင်–မသင်းသင်းအေးတို့၏ အဒေါ်၊ မြေးနှစ်ယောက်တို့၏ အဘွားလေးသည် ၅–၄–၂၀၀၄ရက် မွန်းလွဲ ၁း၅၀ နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇–၄–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှိုင်(ခ)အတန်(၆၆)နှစ်
မြတ်မွန်ပရိဘောဂ
(ပုသိမ်)

ပုသိမ်မြို့၊ အမှတ်(၃၃)၊ ကုန်စုံလမ်းနေ (ဦးချစ်တင်–ဒေါ်တီ)တို့၏ သမီး၊ (ဦးမြမောင်–ဒေါ်ရွှေကြီး)တို့၏ သမီးချွေးမ၊ ဦးဝင်းတင်၏ ချစ်လှစွာသောဇနီး၊ (ဦးခွာလုံ)–ဒေါ်ကျင်ရွှေ၊ ဦးကျင်းပင်–(ဒေါ်ကျင်ဝိုး)၊ ဦးကျင်ခင်–ဒေါ်ရှုတန်တို့၏ ညီမ၊ ဒေါ်အေးအေးခင်၏ အစ်မ၊ ဒေါ်သံလွင်ဝင်း၊ ဒေါ်ရောဝင်း–ဦးအောင်နိုင်၊ ဒေါ်မေခမြတ်မွန်တို့၏ မိခင်၊ မောင်သံစဉ်နိုင်နိုင်၏ အဘွားသည် ၅–၄–၂၀၀၄(တနင်္လာနေ့) နံနက် ၁၂း၃၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း၊ သိမ်ဒါယကာကြီး
ဦးတင်အေး
အသက်(၇၀)
ဗီးဖြူကုန်းရွာမ

သာကေတမြို့၊ (၃)ရပ်ကွက်၊ ရန်ပြေ(၇)လမ်း၊ အမှတ်(၇၁)နေ (ဦးခင်မောင်–ဒေါ်ပု)တို့၏သား၊(ဦးဟန်မောင်–ဒေါ်ငွေရိမ်)တို့၏ သားသမက်၊ (ဒေါ်ကျင်ခ)၏ ခင်ပွန်း၊ ဦးကျော်ရွှေ–(ဒေါ်ခင်စန်း)၊ ဦးအုန်းမောင်–ဒေါ်ကျင်ရွှေ(မင်္ဂလာဈေး)၊ ဦးလှအောင်–ဒေါ်ရင်မြင့်(မင်္ဂလာဈေး) တို့၏ အစ်ကို၊ ကိုနေဝင်း–မနုနုလွင်၊ မမြင့်မြင့်ကြည်၊ ကိုလှမျိုး–မနွဲ့နွဲ့ဝင်း၊ ကိုအောင်ဇော်မိုး–မအေးအေးမော်၊ ကိုမင်းအောင်–မတင်တင်မော်၊ (မဌေးဌေးမော်)၊ မဝင်းဝင်းမော်၊မအေးအေးသင်း(တ–နှစ်၊ စီးပွား/စီမံ)တို့၏ မွေးသဖခင်သည် ၄–၄–၂၀၀၄(တနင်္ဂနွေနေ့) ည ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးပီတာ (အင်းနစ်)
အသက် (၆၂)နှစ်
တပ်မတော်(ရေ)၊ ဘောလုံး
ဆိပ်ကမ်း (ဘောလုံး)
ရေကြောင်းဦးစီး (ဘောလုံးနည်းပြ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပယင်းလမ်း၊ အမှတ် (၁၂)နေ (ဦးဘာဘာ)၊ ဒေါ်မြကြီးတို့၏ သားကြီး၊ ဒေါ်နီနီမာ၏ ခင်ပွန်း၊ မောင်ဇော်နီလွင်၊ မဝါဝါလွင်၊ မောင်ဝင်းလွင်၊ (မောင်ဇာနီလွင်)၊ မဇင်မာလွင်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၅–၄–၂၀၀၄(တနင်္လာနေ့) နံနက် ၅း၁၀နာရီတွင် အမှတ်(၃၄)၊ ခတ္တာလမ်း၊ စမ်းချောင်းနေအိမ်၌ကွယ်လွန်ပါ၍ ၇–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးစိုး (၄၅)နှစ်
(ဘိုကလေးဈေး)

(ဦးစောစိုးတင့်–ဒေါ်အုံးကြည်) တို့၏ သမီး၊ (ဦးဝိုက်–ဒေါ်မြခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၈)လမ်း၊ အမှတ်(၉)နေ ဦးတင်မြင့်၏ ဇနီး၊ မအိအိစိုး(ပ–နှစ်၊ ဥပဒေ)၊ မထက်ထက်ဇော်(တတိယတန်း၊ထ–၄၊ဗိုလ်တထောင်) တို့၏ မိခင်သည် ၅–၄–၂၀၀၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါသဖြင့် ၇–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အရှေ့ပိုင်းဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပွဲစား ဦးသော်တာထွန်း
အသက် (၄၄)နှစ်
(မုံရွာ)

မုံရွာမြို့၊ ညောင်တပင်လမ်းနေ ဦးညီမောင်–(ဒေါ်ခင်ခင်စိုး)(အောင်စုမွန်ပွဲရုံ ညောင်တပင်လမ်း ဘုရားကြီးရပ်ကွက်)၏ ချစ်လှစွာသောသား၊ ဒေါ်မာလာထွန်း၏မောင်၊ မမာမာအေး၏ ခင်ပွန်း၊ မောင်ဇော်မင်းထွန်း (YTC-ဒုတိယနှစ်)၊မယမင်းထွန်း၊မရွှေစင်ထွန်း(အထက–၁၊မုံရွာ)၊ မအေးမြတ်သော်တာတို့၏ ဖခင်သည် ၅–၄–၂၀၀၄ရက် နံနက် ၉း၃၀နာရီတွင် မန္တလေးနန်းတော်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက် ညနေ ၄နာရီတွင် မုံရွာမြို့ ညောင်တပင်လမ်းနေအိမ်မှ ဆာကျဉ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးသိန်းအောင်
အသက် (၆၈)နှစ်
မန်နေဂျာ(ငြိမ်း)ကုန်သွယ်/ လယ်ယာ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၅၇၀)နေ ဦးဘသောင်း–(ဒေါ်ကြွေညွှန့်)တို့၏ သားကြီး၊ (ဦးစန်း–ဒေါ်ပန်းသင်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ ဦးသန်းအောင်–ဒေါ်ခင်သင်းကြည်၊ ဦးသန်းမြင့်–ဒေါ်ခင်မြိုင်၊ (ဦးစန်းသွင်)–ဒေါ်ညွှန့်ညွှန့်ဝင်း (အထက–၂၊ သဃ်န်းကျွန်း၊ ငြိမ်း)၊ ဒုရဲအုပ်ဆန်းထွန်း(မှုခင်းတပ်ဖွဲ့)–ဒေါ်ညွှန့်ညွှန့်ကြည် (ဦးစီးအရာရှိ၊ စွမ်းအင်စီမံရေးဦးစီးဌာန)တို့၏ အစ်ကိုကြီး၊ ဗိုလ်ကြီးသောင်းဦး(အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)–မခင်အိအိဝင်း၊ မောင်ဇော်ဝင်းထွန်း(Royal Star Shipping Management)– မစန်းနွယ်အေး၊ မောင်အောင်ကျော်ထူး–မအေးအေးလှိုင်၊ မအေးမြင့်သန်း(Dr. Reddy's Lab)၏ ဖခင်၊ မဆုလှဲ့ဝေ (TTC)၊ မောင်ရဲခန့်၊ မောင်ပြည့်ဖြိုးပိုင်တို့၏ အဘိုးသည် ၄–၄–၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် စံပြဆေးရုံကြီး သဃ်န်းကျွန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ တန်ဆောင်း၊ သိမ်၊
ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်လှခင် (၉၂)နှစ်
(ရွှေကျင်)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အမှတ် ၁၅ (ဒီ)၊ ကုက္ကိုင်းရိပ်သာလမ်းနေ (ဦးတင်အေး)၏ဇနီး၊ ဦးမျိုးအေး–ဒေါ်ခင်ခင်၊ ဦးညီညီလွင်(ဒု–ညွှန်ချုပ်ငြိမ်း၊ အကြံပေး ပုဂ္ဂိုလ် မွေး/ရေညွှန်ကြားမှုဦးစီးဌာန)–ဒေါ်နန်းစီဖောင်း၊ ဦးမောင်မောင်–ဒေါ်ဦးခင်တို့၏မိခင်၊ (မမြတ်ဆွေအေး)–ဗိုလ်မှူးဝင်းကိုကို၊ မောင်မျိုးထွဋ်–မချိုမာအောင်၊ ဒေါက်တာမြတ်ဆွေလွင်၊ မသက်သက်ခိုင်–မောင်မြသောင်းထွန်း၊ မခင်ဆွေသက် – မောင်ကျော်မျိုးဇော်၊ မောင်ကျော်စိုးလွင်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၅–၄–၂၀၀၄ရက် နံနက်၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၄–၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်လှခင်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကုက္ကိုင်းရိပ်သာလမ်း၊ အမှတ်၁၅(ဒီ)နေ နာယကရာသက်ပန်အသင်းဝင် ဒေါ်လှခင်သည် ၅–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်ဖြစ်ပါသဖြင့် အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဘုရား၊ ကျောင်း၊
ရဟန်းဒါယိကာမကြီး
ဒေါ်ကြည်ကြည်လှ
အသက်(၇၆)နှစ်
(ညောင်လေးပင်)

ညောင်လေးပင်မြို့၊ ဈေးရှေ့လမ်းနေ (ဦးလှမောင်–ဒေါ်သန်း)တို့၏သမီးကြီး၊ ဦးထွန်းရီ (Grace General Trading Co;ဥက္ကဋ္ဌ၊ ညောင်လေးပင်မြို့နယ် အသင်းဒုဥက္ကဋ္ဌ)–ဒေါ်တင်တင်စိုး၊ ဦးစန်းမောင် (ဟိုတယ်/ခရီး၊ ငြိမ်း)–ဒေါ်မြင့်မြင့်လှ(ဆရာမ၊ ငြိမ်း)၊ ဦးလှမြင့်(ဒုတိယအထွေထွေမန်နေဂျာ၊ ဟိုတယ်/ခရီး၊ ယမကာလုပ်ငန်း) – ဒေါ်သန်းသန်းလှတို့၏ ချစ်လှစွာသောအစ်မကြီးသည် ၄–၄–၂၀၀၄ ရက် ည ၇း၄၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်းကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမတစ်စု။

ဘုရား၊ ကျောင်း၊ ရဟန်း
ဒါယိကာမကြီး
ဒေါ်ကြည်ကြည်လှ
အသက်(၇၆)နှစ်
(ညောင်လေးပင်)

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၂၀/၃၂၂)နေ ဦးဘိုနီ(ခ)ဦးသိန်းလွင်၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့၊ အင်းလျားလမ်းနေ ဦးဘိုစိန်–ဒေါ်အုံးတင်၊ ပဲခူးမြို့နေ ဦးအောင်ထွန်း–ဒေါ်ခင်ညွှန့်၊ ရန်ကုန်မြို့နေ (ဦးမျိုးသိမ်း)–ဒေါ်သိန်းကြည်၊ ဦးသန်းလွင်–ဒေါ်စိန်စိန်တို့၏ညီမ၊ဦးဝင်းမြိုင်–ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်ထွေးမူ၊ (ဦးတင့်လွင်)–ဒေါ်ခင်အေးမြင့်၊ ဦးသိန်းဝင်း–ဒေါ်ခင်သန်းမြင့် တို့၏အစ်မသည် ၄–၄–၂၀၀၄ရက် ည ၇း၄၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်းကြီး၌ ကွယ်လွန်သွားပါ၍ ၆–၄–၂၀၀၄(အင်္ဂါနေ့) မွန်းတည့်၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမတစ်စု။

ရဟန်းအမ
ဒေါ်မြညွှန့်(ခ)ဒေါ်မြသင်
အသက်(၈၅)နှစ်
(ပြည်)

ရန်ကုန်မြို့၊ တိုက်(၃၂)၊ အခန်း(၅)၊ အောင်ဇေယျရိပ်သာ၊ အလုံမြို့နယ်နေ [ဦးဘာဘာ(ခ)ဦးသြဘာ]၏ ဇနီး၊ ဦးဘိုနီ၏အစ်မ၊ ဦးစန်းလွင်–ဒေါ်ကြည်ကြည်မြ (မစဘရုံးချုပ်၊ စာရင်းဌာန)၊ (ဦးစိုးဝင်း)–ဒေါ်စန်းစန်းမြင့်၊ ဦးဆန်နီ(S.G.S)–မမြင့်မြင့်အေးတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၄–၄–၂၀၀၄ရက် ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရွှေ (၇၆) နှစ်
(ကွမ်းခြံကုန်း)

ရန်ကုန်တိုင်း၊ဒေါပုံမြို့နယ်၊ဗိုလ်ထွန်းဖဲ ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း အမှတ်(၅၁)နေ (ဦးပန်းပင်–ဒေါ်အေးရင်)တို့၏သမီး၊ (ဦးမောင်လှ–ဒေါ်တင်ညွှန့်)တို့၏သမီးချွေးမ၊ (ဦးတင်အောင်)၏ဇနီး၊ ဦးချစ်စိန်–(ဒေါ်သိန်း)၊ ဒေါ်သန်းရှင်၊ ဦးကွမ်း–ဒေါ်သန်းတင်တို့၏အစ်မ၊ ဦးမျိုးသိန်း(ရေကြောင်းအရာရှိ၊ ပြည်ပ)–ဒေါ်ခင်မြင့်(ပြည်သူ့အင်အားဦးစီးဌာန)၊ [ဦးရွှေဝင်း(ခ)ဦးချစ်တီး]၊ ဦးမြအေး (M.P.P.E ခရိုင်တော)၊ ဦးမြဌေး (M.E.P.E)–ဒေါ်စိုးရီ၊ ဦးကံညွှန့်၊ ဦးမြတ်လေး(အကောက်ခွန်)–ဒေါ်အေးစန္ဒာ၊ ဦးသိန်းနိုင်–ဒေါ်မြင့်မြင့်သန်း (ဆေးဆိုးလုပ်ငန်း)၊ ဦးဝင်းနိုင်–ဒေါ်မိုးဆွေ၊ မောင်မြတ်သန်း(အကောက်ခွန်) တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃–၄–၂၀၀၄ (စနေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်ကြည်ကြည်လှ(၇၆)နှစ်
(ညောင်လေးပင်)

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၂၀/၃၂၂)နေ (ဦးလှမောင်–ဒေါ်သန်း)တို့၏သမီးကြီး၊ (ဦးကြမ်း–ဒေါ်ညွှန့်ယုံ)တို့၏သမီးချွေးမ၊ ဦးဘိုနီ(ခ) ဦးသိန်းလွင်၏ ချစ်လှစွာသောဇနီး၊ ဦးဇော်ဦး–ဒေါ်ညွှန့်ညွှန့်ရီ၊ ဦးသိန်းဇော်–ဒေါ်တင်တင်ဦး၊ ဦးထွန်းဇော်–ဒေါ်အေးအေးကြူ (မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်)၊ ဒေါ်ချိုချိုလွင်(ကထိက၊ ဓာတုဗေဒဌာန၊တပ်မတော် ဆေးတက္ကသိုလ်) တို့၏ချစ်လှစွာသောမိခင်၊ ဗိုလ်လောင်းသန့်ဇော်လွင်(နောက်ဆုံးနှစ်အပိုင်း–ခ၊ တပ်မတော်ဆေးတက္ကသိုလ်)၊ မနှင်းပွင့်လွင်၊ မမေဇွန်ဦး၊ မချယ်ရီဦး၊ မောင်သူရိန်ထက်၊ မောင်အောင်ခန့်ထွန်းဇော်၊ မရှင်နှင်းနှင်းဥတို့၏ ချစ်လှစွာသောအဘွားသည် ၄–၄–၂၀၀၄ ရက် ည ၇း၄၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်းကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[အမှတ်(၃၂၀)၊ ရွှေဘုံသာလမ်းနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်း (၈၂)နှစ်
(မြောင်းမြ)

မြောင်းမြမြို့နေ (ဦးထွန်းမောင်–ဒေါ်ဆင့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ (တိုက်ဟောင်း)၊ တိုက်(၁၈/၁၂)နေ (ဦးလှကျော်)၏ ဇနီး၊ ဦးချစ်ထွန်း (ကကဆက်၊ငြိမ်း)–ဒေါ်ရီရီလှ(လ/ထ ညွှန်မှူး၊ ကုန်သွယ်ရေးဦးစီး)၊ ဦးကျော်မင်း(Myanmar Li Way Way Co.)–ဒေါ်ကြူကြူလှ(ဦးစီးအရာရှိ၊ နိုင်ငံသားပြုဌာနခွဲ)၊ ဒေါ်ညိုညိုလှ(လ/ထ ညွှန်ကြားရေးမှူး–ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး၊ မိခင်၊ ကလေး–ဗဟို)၊ ဦးလှကြိုင်(စာရင်းစစ်မှူး၊ မော်ဘီစာရင်းရုံး)–ဒေါ်ဖြူဖြူလှ(စာရင်းစစ်မှူး၊မော်ဘီစာရင်းရုံး)၊တကကသန်းအောင် (တပ်မတော်–ရေ)–ဒေါ်မို့မို့မာ၊ ဦးလှခိုင် (ကိုပြုံးလေး၊ SPNIP)–ဒေါ်ရီရီမာ(Sein Min Co)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ကျော်ကျော်ထက်၊ မောင်အောင်ဥာဏ်ဖြိုး(B. Tech, Civil၊ မအူပင်၊ G.T.C)၊ မောင်ထက်ဇေဟိန်း(ဒုနှစ်၊ ဥပဒေ)၊ ဗိုလ်လောင်းစိုးသူရ (နောက်ဆုံးနှစ်၊ အပိုင်း–က၊ D.S.M.A)၊ မဖြူပိုးဥ (တနှစ်၊ I.C၊ ဒဂုံတက္ကသိုလ်)၊ မောင်ထက်ခိုင်လင်း(ဒုတိယတန်း၊အထက–၂၊ စမ်းချောင်း) တို့၏ အဘွားသည် ၄–၄–၂၀၀၄ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်ပါ၍ ၈–၄–၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်အူ(ခ)ဒေါ်ကျင်ကျင်
အသက်(၈၁)နှစ်
(ညောင်တုန်း–ချောင်းကြီး)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၅၁၁)နေ (ဦးစစ်–ဒေါ်သိုင်းဟန်)တို့၏သမီး၊(ဦးဘရှန်–ဒေါ်နှင်းသင်)တို့၏ သမီးချွေးမ၊ ဦးကြီးမောင်၏ဇနီး၊ (ဦးမောင်လှ–ဒေါ်ကျင်ပု)၊ (ဦးဟုတ်ရှိန်–ဒေါ်ကျင်ညွှန့်)၊ (ဦးဝမ်လျော)–ဒေါ်ကျင်ယုံတို့၏ ညီမ၊ (ဦးဟုတ်စိန်)–ဒေါ်ကြည်အေးတို့၏ အစ်မ၊မခင်လှလှ၊ ကိုမောင်မောင်–မအေးအေးသိန်း(ဗဟန်းဈေး)၊ (ကိုသောင်းတင်)–မညွှန့်ညွှန့်ဝေတို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၄–၄–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၈း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၆–၄–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်လွင်(၇၁)နှစ်
(အရာခံဗိုလ်၊ငြိမ်း)
တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံ
သဲကုန်းမြို့နယ်

ထောက်ကြန့်မြို့နယ်၊ တိလောကရပ်ကွက်၊ အမှတ် ၁၈၊ မိတ္တလမ်းနေ (ဦးတင့်–ဒေါ်ငွေ)တို့၏သား၊ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ မနီလာအောင်–ကိုရဲထွဋ်အောင်၊ မနွယ်နွယ်အောင်–(ကိုနေဝင်းဦး)၊ ကိုတင်ထွဋ်အောင်–မဖြူဖြူနှင်းတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၄–၄–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါ၍ ၆–၄–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုင်းတင်ငွေ (၆၁)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
(U.N.V Anguilla)

ခန္တီးမြို့နေ(ဦးဘိုးရင်–ဒေါ်နန်းဟိန်)တို့၏သား၊ ဦးဘိုးချို–(ဒေါ်နန်းပန်းစိန်)တို့၏ သားသမက်၊ (ဦးသန်းဆိုင်)–ဒေါ်မေရီ၊(ဦးခင်မောင်ရင်)–ဒေါ်ငွေချယ်၊ (ဒေါ်အေးကြိုင်)၊ (ဦးတင်မောင်ရင်)–ဒေါ်အုန်းတို့၏ညီ၊ ဦးတင်ရွှေရင် (ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး)–ဒေါ်ခင်စိန်လှိုင်၊ ဦးမိုးဇော်သွင်–ဒေါ်မြသန်းရီ၊ ဦးစိုင်းနိုင်သူ–ဒေါ်နန်းစိန်အေးတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေစင်လမ်း၊ အမှတ် ၁၃၂/၂နေ ဒေါ်စုစုချို၏ ခင်ပွန်း၊ နန်းမိုးနွမ်၊ စိုင်းဆိုင်မိုင်း (B.Econ)၊ နန်းဟွမ်ခမ်း(B.Com, CPA 1)တို့၏ဖခင်သည် ၄–၄–၂၀၀၄ ရက် (တနင်္ဂနွေ နေ့)ညနေ၅း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၆–၄–၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်။(နေအိမ်မှကားများနံနက် ၉း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို

ရန်ကုန် ‌ မေ ၅

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရွှေတောင်တိုက်သစ် စာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် အဆိုပါ ကျောင်းတိုက်ရှိ သာသန ဝိသောဓနီ သိမ်တော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဓရရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပုံ့စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရွှေတောင်တိုက်သစ် စာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (ရန်ကုန်တိုင်း)

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် မကွေးတိုင်း ပွင့်ဖြူမြို့နယ် လယ်ကိုင်းမြို့ဟောင်း ဗူးသည်ဆိပ်ကမ်း အနီးမှ တူးဖော်တွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ယဉ်ကျေးမှု)

ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ရှေးဟောင်းသုတေသနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ‌ မေ ၅

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်အဖွဲ့သည် မေ ၂ရက် နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အောင်စည်းခုံစေတီ

ဝန်ကြီးနှင့် အဖွဲ့သည် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပင်းယမြို့ဟောင်း တောင်ဘက်ရှိ မင်းကြီးစွာစော်ကဲ တည်ထားခဲ့သော အောင်စည်းခုံစေတီကြီး သဲခဲများ တူးဖော်ရှင်းလင်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ အောင်စည်းခုံစေတီတော်ကြီးအား ဆက်လက်ပြိုပျက်ခြင်း မရှိစေရန် လိုအပ်သည့် ထိန်းသိမ်းမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အင်းဝဆင်ကျုံးခံတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခံတပ်၏ အနောက်မြောက်ထောင့်ရှိ အက်ကွဲနေသော နေရာများကို ပြုပြင်ရန် ခံတပ်ပေါ်တွင် ပေါက်နေသော သစ်ပင်၊ ပေါင်းပင်များကို ရှင်းလင်းရန်နှင့် ဝင်ပေါက်ရှိ သစ်သားတံတားကို ပြုပြင်ထိန်းသိမ်းရန် မှာကြားသည်။

အင်းဝပြတိုက်

ယင်းနောက် အင်းဝရှေးဟောင်းသုတေသနပြတိုက်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်နေသေးသော ရှေးဟောင်းပစ္စည်းများကို ထပ်မံစုဆောင်းပြသရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် စစ်ကိုင်းတံတားကြီး အရှေ့ဘက်ရှိ

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳

ညောင်တုန်းဒေသမှ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ လက်ရှိပိုက်လိုင်းများ ခံနိုင်ရည်မရှိသဖြင့် ပိုက်လိုင်းသစ်များ ထပ်မံဆက်သွယ် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ပိုက်လိုင်းသစ်ဆက်သွယ်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ‌ မေ ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်တွင် တူးဖော်လျက်ရှိသော ပန်းတနော်အစမ်းတွင်း အမှတ်(၁)သို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ရေနံမြေအစမ်းတွင်းလုပ်ငန်းခွင်တွင် တာဝန်ရှိသူများက လက်ရှိတူးဖော်နေမှု အခြေအနေ၊ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရည်မှန်းအနက်ပေ ၁၀၀၀၀ကျော်သို့ သတ်မှတ်ရက်အတွင်း အချိန်မီရောက်ရှိရေး၊ မိုးတွင်းကာလတွင် နောက်ထပ် အစမ်းတွင်းများ ဆက်လက်တူးဖော်သွားနိုင်ရေး၊ ပန်းတနော်-ညောင်တုန်း-မအူပင်ဒေသ

စာမျက်နှာ ၉ ကော်လံ ၂ သို့ ●

ကချင်ပြည်နယ် ဗိုင်းမော်မြို့နယ် ဆဒုံဒေသ တဘူဘွန်တောင်ကြော မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်အနီး ခန့်မှန်းမြေပုံညွှန်း(ဒီ-၇၈၉၄၅၇) ရှိ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်လျက်ရှိသည့် စခန်းအား တွေ့ရစဉ်။ (သတင်းစဉ်)

စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့်စခန်းအား ဝင်ရောက်ရှင်းလင်း ဆေးပြားလုပ်စက်နှင့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများဖမ်းမိ

ရန်ကုန် ‌ မေ ၅

နယ်မြေခံတပ်မတော်သားများ၊ တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)အဖွဲ့ဝင်များနှင့် ကချင်ပြည်နယ်အထူးဒေသ(၁ နှင့် ၂)တို့မှ အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ရက် နံနက် ၈နာရီ မိနစ် ၂၀ခန့်က ဗိုင်းမော်မြို့နယ် ဆဒုံဒေသ တဘူဘွန်တောင်ကြော မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်အနီး ခန့်မှန်းမြေပုံညွှန်း (ဒီ-၇၈၉၄၅၇)တွင် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်လျက်ရှိကြောင်း သတင်းအရ ဝင်ရောက်ရှင်းလင်းခဲ့ရာ တဲငါးလုံးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားပြုလုပ်သည့် စက်တစ်လုံး၊ အီသိုင်းဗယ်နီလင် ၁၅ကီလို၊ ဖီနိုင်းအက်ဆီတစ်အက်ဆစ်(အဖြူမှုန့်)

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲